


ကျေးဇူးတော်ရှင်

မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

**မိုးကုတ်ဆရာတော်ဘုရားကြီး**

ဟောကြားတော်မူသော တရားတော်

# ပြင်ချိန်ရှိတုန်းပြင်ဆင်ထားကြ

(တမ္ဗဒါဌိကခိုးသားကြီး)

၇၂

ဟောကြားသောနေ့

(၁၉–၁၂–၆၀)

သစ္စာလေးပါးတရားတော်

အမှတ်စဉ်(၃၄)မှထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဖူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားသော တရားတော်

# ပြင်ချိန်ရှိတုန်း ပြင်ဆင်ထားကြ

(တမ္ပဒါဠ်ကြက န်ိုးသားကြီး)

(၁၉–၁၂–၆၀)

---

ကျေးဖူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၄) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

စာမူခွင့်ပြုချက် အမှတ် (၂၄/၉၇) (၅)

အုပ်ရေ - ၅၀၀၀

**ထုတ်ဝေသူ** - ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** - ဦးဉာဏ်အောင်စိုး (မြ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်၊ အမှတ်(၉၂)၊
ကမ္ဘာ့ဇလမ်း၊ ရွှေတောင်ကြား
(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** - ကျားမင်း၊အမှတ်(၉၂)၊ကမ္ဘာ့ဇလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၂၄၆၅၀၈ - ၅၃၂၉၅၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားသော တရားတော်

# မြင်ချိန်၌ရှုတွန်း မြင်ဆင်ထားကြ

(တမ္ပဒါင်္ဂိုက ခိုးသားကြီး)

(၁၉-၁၂-၆၀)

နေရေးကောင်းမှ သေရေးကောင်းမယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ မှတ်ထားရမယ်နော်...။ (မှန်ပါ့)၊ နေရေးကောင်းမှ သေရေးလဲ ကောင်းမယ်...။ (မှန်ပါ့)။

နေရေးမှ မကောင်းလို့ရှိရင် သေရေးကျလို့ရှိရင်ဖြင့် မျက်ရည်နဲ့မျက်ခွက် ဖြစ်တတ်တယ်ဆိုတာ မှတ်ထားရမယ်...။ (မှန်ပါ့)။

အဲဒီတော့ ဒီနေရေးက အာစိဏ္ဏကံဆိုတဲ့ မပြတ်လေ့ကျင့်တဲ့ ကံရှိပြန်ဆိုတော့လဲ သေတဲ့အခါကျလို့ရှိရင် ဒီအလုပ်နဲ့ပဲ သေတော့လဲ ဒကာ ဒကာမတွေ ခဏခဏပဲ ပြောနေရတယ်။

ပြုံးပြီးသကာလ စုတိစိတ်ကျရမယ်လို့ မှတ်ရမယ်နော်...။ (မှန်ပါ့)၊ ခုတော့ နေရေးက တော်ရုံ လျော်ရုံ နေကြ

မယ်...။ (မှန်ပါ့)၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ နေကြမယ်ဆိုလို့ရှိရင်ဖြင့် ဒါတွေဟာ ဘာမှ အသုံးမကျတဲ့အတွက်၊ အကူအညီမရတဲ့အတွက် သေရေးကျလာတဲ့အခါကျတော့ သေတယ်ဆိုတာ ဒကာသစ်တို့၊ ဦးလှဘူးတို့ နားလည်ပါပြီ။

## သွားရာလမ်းမြင်ပြီးမှ သေတယ်

ဖြုန်းခနဲ သေသလား၊ သွားရာလမ်းမြင်ပြီးမှ သေသလား...။ (သွားရာလမ်းမြင်ပြီးမှ သေပါတယ်ဘုရား)၊ သွားရာလမ်းမြင်ပြီးမှ သေတယ်ဆိုတာကတော့ ကေန်ပါနော်...။ (မှန်ပါ့)။

အဲဒီတော့ နေရေးမကောင်းတော့ သေရေးမှာလဲ နေရေးတုန်းက မကောင်းခဲ့တဲ့အတွက် ငရဲတွေမြင် ဝိညာဏ်မချုပ်ခင်က မြင်ရတတ်တယ်...။ (မှန်ပါ့)။

တိရစ္ဆာန်ဘုံတွေ၊ တိရစ္ဆာန်တွေ၊ သွားလာနေတာတွေ မြင်ရတတ်တယ်နော်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

အဲဒါ နေရေးမကောင်းလို့ သေရေးမှာလဲ မကောင်းတဲ့ နိမိတ်တွေ ထင်လာတာ...။ (မှန်ပါ့)၊ ဪ...အနေဆိုးနေခဲ့လို့ အသေဆိုးတော့ဖြင့် ငါ့အပေါ် ရောက်ပြီလို့ မလာ

သားရေး၊ သမီးရေးနဲ့ အနေဆိုးခဲ့တဲ့အတွက် အသေဆိုး ငါ့မှာ ရောက်ပြီဆိုတဲ့ဥစ္စာ ဘယ်သူမှ မပြောရဘူး...။ (မှန်ပါ့)။

ကိုယ့်ဘာသာကိုယ် မြင်နေတာ...။(မှန်ပါ့)၊သွားရမယ့် လမ်းခရီးက ငရဲမီးကလဲ တဟုန်းဟုန်းတောက်နေတာ သူ မြင်နေပြန်၊ တောင်ကြီးတွေ၊ ချောက်ကြီးတွေ၊ ကျင်းကြီး တွေလဲ သူ မြင်ပြန်၊ အဲဒီကဲ့သို့ မြင်နေတဲ့ အခါကျ တော့...

သြော်...သူများလဲ မပြောနိုင်၊ ကိုယ်တစ်ယောက် တည်းလဲ မြင်ရပြန်၊ မြင်ပြီးတော့လဲ ဘယ်လိုမှလဲ လမ်းလွှဲ လို့ကလဲ မရ...(မှန်ပါ့)။

ဒီနေရာပဲ ရောက်သွားရတော့မယ့် အခိပ္ပါယ်က သေချာနေပြီ...။ (မှန်ပါ့)၊ အဲဒါကြောင့် နေရေးကောင်းမှ သေရေးကောင်းမယ်ဆိုတာကိုဖြင့် ဒကာသစ်တို့၊ ဦးလှဘူး တို့သေချာမှတ်မှပဲ...။ (မှန်ပါ့)။

အခု အနေဆိုးလို့ရှိရင်ဖြင့် အသေဆိုးလာပါလိမ့်မယ် ဆိုတာလဲ ငြင်းနေဖို့ မလိုတော့ဘူး...။ (မလိုတော့ပါဘုရား)။

ရှေးက ပုဏ္ဏားတစ်ယောက် ပဏ္ဏာသမှာလာတယ်၊ ပုဏ္ဏားများသေလို့ရှိရင် သူတို့ပုဏ္ဏားများအယူက ဗြဟ္မာ့ပြည် ရောက်တယ်လို့ ယူထားတာကိုး...။ (မှန်ပါ့)။

အဲ့ဒီတော့ သူတို့ထဲက ပုဏ္ဏားပညာရှိတစ်ယောက်က

သေခါနီးကျလာတော့ ခုနက နိမိတ်တွေမြင်တယ်၊ သွေးတွေ သံတွေနဲ့ ငရဲမီးတွေ၊ ငရဲသားတွေက ခုတ်ထစ်တဲ့ သွေးတွေ သံတွေ မြင်ရတော့ ဘေးက ပုဏ္ဏားတွေက မေးကြတယ်။

အထက်မြင်သလား၊ အောက်မြင်သလားလို့ မေးလိုက်တယ်...။ (မှန်ပါ့)၊ အောက်မြင်တယ်ဗျာ့၊ ဗြဟ္မာ့ပြည်မမြင်ဘူးလား၊ မမြင်ဘူး...။ (မှန်ပါ့)၊ သေမယ့်လူကကို ပြောနေတာ...။ (မှန်ပါ့)။

နို့...ဘာတွေ မြင်နေပါလိမ့်မလဲလို့ မေးတဲ့အခါ အောက်မှာ သွေးရဲရဲ သံရဲရဲတွေသာ မြင်နေတယ်ဆိုတော့ သူတို့ကတော့ဖြင့် သေလို့ရှိရင် ဗြဟ္မာဖြစ်လိမ့်မယ် ယူထားတာ။

ကိုယ်မြင်ရတဲ့ နိမိတ်က သေချာနေတယ်...။ (မှန်ပါ့)၊ အဲဒါ သေသေချာချာမေးလို့ သေသေချာချာ ဖြေထားတာ ဒကာကြွယ်ရေ...။ (မှန်ပါ့)။

တခြားသော ဝတ္ထုတွေလဲ အမျိုးမျိုးရှိပါသေးတယ်၊ အနေမကောင်းလို့ အသေမကောင်းတာတွေ အများကြီး ရှိပါတယ်...။ (မှန်ပါ့)။

## ပြင်ချိန်ရှိတုန်း ပြင်ဆင်ကြ

အဲဒါကြောင့် ဒကာ ဒကာမတွေ ယခုအချိန်မှာ ပြင်ချိန်ဆင်ချိန်ရှိတုန်း ပြင်ဖို့ဆင်ဖို့ရာကိုဖြင့်၊ ကိုယ့်အရေး

လေးကို ကောင်းတဲ့အရေးလေး ထားပေးကြပါဆိုတာဖြင့်၊ ကောင်းလမ်းပြတဲ့ ပုဂ္ဂိုလ်က ပြနေလို့ရှိရင်ဖြင့်...

လိုက်တဲ့ပုဂ္ဂိုလ်က ကိုယ့်အရေးသိပြီး ကိုယ်လိုက်ဖို့ အချိန်ရောက်နေပြီ...။ (မှန်ပါ့)၊ မရောက်ဘူးလား...။ (ရောက်ပါပြီဘုရား)။

အေး...ဒါကြောင့် အခု နေရ၊ စားရ၊ သောက်ရ၊ စားရ၊ သောက်ရ၊ နေရ၊ ဝတ်ရတာတွေ ဒကာသစ် ဘာမှ မဟုတ်ဘူးနော်...။ (မှန်ပါ့)၊ သေခါနီးကျမှ ငရဲအိုးတွေ၊ ငရဲမီးလျှံတွေ မြင်လာတော့မှ သြော်...ငါ ဘာမှ အသုံးမကျခဲ့ပါလား။

ဒါဖြင့် အနေဆိုးနေခဲ့လို့ အသေဆိုးဖြင့် အခုမြင်ရတဲ့ အခြေအနေဟာ အသေဆိုးပဲလို့ ကိုယ့်ဟာကို သိလာတယ်...။ (မှန်ပါ့)၊ သိလာတဲ့အချိန်ကျတော့ ပြင်ချိန်ဆင်ချိန်က ရသေးရဲ့လား...။ (မရတော့ပါဘုရား)။

ပြင်ချိန်ဆင်ချိန်မရတဲ့အခါ ဖျတ်ဆို စုတိစုတိပြီး သကာလ ခုနက ငရဲအိုး ငရဲမီးလျှံမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ငရဲသွားပြီး တစ်ခါတည်း ငရဲကောင်ဖြစ်သွားတယ်...။ (မှန်ပါ့)။

ကမ္မံ သတ္တေ ဝိပစ္စတိကိုဗျာ့...(မှန်ပါ့)၊ ကမ္မံ–ကံသည်၊ သတ္တေ–သတ္တဝါတို့ကို၊ ဝိပစ္စတိ–ဖြစ်စေ၏ ဆိုတဲ့အတိုင်းတဲ့၊ တစ်ခါတည်း ငရဲအစစ်ခံရတဲ့နေရာ ရောက်ချင် ရောက်

တယ်၊ အစစ်မခံရဘဲနဲ့ ငရဲအိုးထဲ တောက်လျှောက် ရောက် ချင်ရောက်တယ်...။ (မှန်ပါ့)။

အဲဒါ အနေပျော်သလောက် အသေမှာ ငိုရ မဲ့ရတတ် တယ်ဆိုတာကိုလဲ ဒကာ ဒကာမတွေ၊ ဒါတွေသိပြီးသကာလ အင်မတန်အမြင်ကျယ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာ။

## ယခုအချိန် ပြင်ကြဆင်ကြပါ

"ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိ သာရိ နော အဟု ဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ" ဆိုတဲ့အတိုင်း ငါ မသေခင် ဆုံးမပါရစေကွာ၊ ဝိပဿနာ အလုပ်များ လုပ်ကြစမ်းပါဟ၊ ထိုကဲ့သို့မှ မလုပ်လို့ရှိရင် မင်းတို့ အနေဆိုးနေခဲ့တဲ့အတွက် မင်း အသေဆိုး မင်းတို့ အတွက် ငါမကယ်နိုင်ဘူး" ယခုအချိန်က ပြင်ကြပါစေ၊ ဆင်ကြပါစေဆိုတာ ကိုယ်တော်မြတ်ကြီးလဲ သတိပေးရှာ တယ်...။ (မှန်ပါ့)။

အဲဒါကြောင့် ဒကာသစ်တို့၊ အားလုံးဒကာ ဒကာမ တို့၊ ခုချိန် ပြင်ကြဆင်ကြပါဆိုတာ သတိပေးလိုက်ပါ တယ်...။ (မှန်ပါ့)။

ပြင်ရမှာက ဘာတုံးဆိုတော့ ဝိပဿနာအလုပ်, လုပ်ပေးရမယ်...။ (မှန်ပါ့)၊ ဝိပဿနာအလုပ်, လုပ်ပေး

ရမယ်ဆိုလို့ရှိရင်ဖြင့် ဝိပဿနာဆိုတာကလဲ ဒကာ ဒကာမ တို့ ရှာပြီး လုပ်နေရတာ မဟုတ်ပါဘူး...။ (မှန်ပါ့)။

**ဝိပဿနာအလုပ်ဆိုတာ**

ကိုယ့်ခန္ဓာကိုယ် ကြည့်ရုံပါပဲ...။ (မှန်ပါ့)၊ ကိုယ့်ခန္ဓာ ကိုယ် ကြည့်ရုံပါပဲဆိုတာ မှတ်ထားပါ...။ (မှန်ပါ့)၊ ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့်...။ (ကိုယ့်ခန္ဓာကိုယ် ကြည့်တာပါ ဘုရား)။

ကိုယ့်ခန္ဓာကိုယ်ကြည့်တဲ့အခါကျတော့ အင်း...ခန္ဓာထဲ က အင်း...နာသလိုလို၊ ယားသလိုလို၊ ကိုက်သလိုလို၊ ကျဉ် သလိုလို ဒါတွေလဲ ခန္ဓာက စိုက်ကြည့်နေတဲ့ ပုဂ္ဂိုလ်ကျတော့ မပြောပေဘူးလား...။ (ပြောပါတယ်ဘုရား)။

ပြောတဲ့အခါကျလို့ရှိရင် ဒါလေးတွေက ဘာပါလိမ့် မတုံးလို့ တွေးမနေပါနဲ့၊ ခန္ဓာရဲ့ဖောက်ပြန်မှုလို့ တွေးလိုက် ပါ...။ (မှန်ပါ့)။

ဘယ်လိုတွေးရမယ်၊ ခန္ဓာကိုယ် ဖောက်ပြန်မှုလို့၊ သြော်...ခန္ဓာဖောက်ပြန်နေတာပါလား။

ဖောက်ပြန်နေတာဖြင့် ဒုက္ခသစ္စာတွေပဲသာ မှတ်လိုက် တော့...။ (မှန်ပါ့)၊ "ဝိပရိနာမ လက္ခဏံ ဒုက္ခ သစ္စံ"ဆိုတဲ့ အတိုင်း ခန္ဓာက ယားတယ်၊ နာတယ်၊ အောင့်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ လေနာတွေ၊ ရင်နာတွေဆိုရင် ဒါ

ကြည့်လိုက်တယ်၊ ကြည့်လိုက်တဲ့အခါကျတော့ အသီးသီး ပေါ်မလာပေဘူးလား...။ (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတိုင်း ပေါ်လာတိုင်း ဒုက္ခသစ္စာဆိုတာ ဒါပဲ... (မှန်ပါ့)၊ ဒုက္ခသစ္စာဆိုတာ ဒါပဲလို့ ဉာဏ်က စိုက်ကြည့်... (မှန်ပါ့)၊ စိုက်ကြည့်တော့ ဒီနေရာက ဒုက္ခသစ္စာ၊ ပြီး ပျောက်သွားပြန်၊ ဟိုနေရာက ဒုက္ခသစ္စာ ပေါ်ပြန်...။ (မှန်ပါ့)။

**အနေကောင်းနေတာ**

ပေါ်ရာလိုက်ကြည့်နေတာကို...။(မှန်ပါ့)၊ လိုက်ကြည့်နေတော့ ဒုက္ခသစ္စာနဲ့လိုက်ကြည့်တဲ့ မဂ္ဂသစ္စာဖြစ်နေတာ၊ အဲဒါ အနေကောင်းနေတာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ပေါ်တာက ဒုက္ခသစ္စာ၊ မြင်တာက...(မဂ္ဂသစ္စာပါဘုရား)၊ ပေါ်တာက...(ဒုက္ခသစ္စာပါဘုရား)၊ မြင်တာက... (မဂ္ဂသစ္စာပါဘုရား)၊ အေး...ဒါကြောင့် အဲဒီလို လိုက်ကြည့်နေတော့ ဒီခန္ဓာကြည့်စမ်းပါဦး။

ဘာသစ္စာတွေများ ရှိသတုံးဆိုတော့ ဘာမှ မေးနေစရာ မလိုတော့ဘူး၊ နဂိုရှိလို့ နဂိုဏ်းထွက်တာပဲ...။ (မှန်ပါ့)၊ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာပဲ ပြောဖော်ရတာပဲ...။ (မှန်ပါ့)။

ဒါ ဦးလှဘူး ဘာရှိလို့ ဘာပြောတာပါလိမ့်...။ (ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာသာ ပြောတာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာပြောတော့ ဒါကိုပဲ စိုက်ကြည့်ရမယ်...။ (မှန်ပါ့)။

ဟိုနေရာကလဲ ဒုက္ခဖြစ်ပျက်၊ ဟိုနေရာ တစ်မျိုး၊ ယားသလိုလို၊ ယံသလိုလို၊ ဟိုနေရာ ကောင်းသလိုလို၊ တော်ကြာ ပျောက်သွားပြန်ပြီ၊ ဟိုနေရာက ကျဉ်သလိုလို။

ဟိုနေရာက အလတ်စားလိုလို၊ ဒီနေရာကဖြင့် သင့်တော်သလိုလို၊ သင့်တော်တဲ့နေရာ ကြည့်လိုက်ပြန်၊ သင့်တော်တဲ့ နေရာမှာပဲ မသင့်တော်တာ ဖြစ်လာပြန်ပြီ။

သင့်တော်တာပဲ ဖောက်ပြန်သွားပြန်ပြီ...။ (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ကိုယ်မှာ ဖောက်ပြန်ပျက်စီးတတ်တာပဲရှိတယ်...။ (မှန်ပါ့)။

ဘာတွေရှိပါလိမ့်...။ (ဖောက်ပြန်ပျက်စီးတတ်တာပဲရှိပါတယ်ဘုရား)၊ ဖောက်ပြန်ပျက်စီးတတ်တာ ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါလေးတွေ ဒကာ ဒကာမတွေက ဉာဏ်နဲ့လိုက်ပြီး သကာလနေတော့ တစ်ကိုယ်လုံးမှာလဲ...တစ်ကိုယ်လုံးမှာလဲ ဉာဏ်ကသာ လိုက်နေမယ်ဆိုရင် ပင်ကိုက ဖောက်ပြန်ပျက်စီးတာတွေရှိတော့ ဖောက်ပြန် ပျက်စီးတာတွေပဲ တွေ့နေတာပေါ့...။ (မှန်ပါ့ဘုရား)။

**အဲဒီတော့ ဩော်...ခန္ဓာဆိုတော့ အကောင်းလား မှတ်**

တယ်၊ အဆိုးပါလား ဆိုတာကြီးက ပေါ်လာတယ်...။ (မှန်ပါ)။

အရင်တုန်းကတော့ ခန္ဓာနဲ့ တဏှာ တွဲနေတုန်းက တော့၊ ခန္ဓာနဲ့တဏှာ တွဲနေတုန်းကတော့၊ ခန္ဓာခင်မင်ယုယ နေတုန်းကတော့ ဒုက္ခသစ္စာလို့ ဒီလောက်မသိဘူးပေါ့ဗျာ...။ (မှန်ပါဘုရား)။

သူ့ပဲ အားကိုးနေရသလိုလို၊ သူ ကျန်းမာလို့လဲ လုပ် ကိုင် စားနိုင်သလိုလို၊ ခန္ဓာနဲ့တဏှာ တွဲနေတုန်းကတော့ အားကိုးလုံး ဖြစ်နေတယ်...။ (မှန်ပါ)။

အခုလို ဉာဏ်နဲ့တွဲပေးလိုက်တဲ့ အခါကျတော့ရှိရင်ဖြင့် ဟိုနေရာကဖောက်ပြန်၊ ဒီနေရာကပျက်စီး၊ ဖောက်ပြန် ပျက်စီးတာချည်းပဲ မြင်နေတော့ ဘယ်မှာ အားကိုးစရာ၊ အားထားစရာ မြင်သေးလား...။ (မမြင်ပါဘုရား)။

**ခန္ဓာနဲ့ပညာနဲ့ တွဲပါ**

အဲဒီမှာ ခန္ဓာနဲ့တဏှာကွဲသွားတဲ့အခါ ခန္ဓာနဲ့ဉာဏ်နဲ့ တွဲသွားတယ်...။ (မှန်ပါ)၊ မရှုဘဲနေတော့ ခန္ဓာနဲ့တဏှာက တွဲနေတယ်...။ (မှန်ပါ)။

ရှုလိုက်ပြန်တော့...(ခန္ဓာနဲ့ဉာဏ်နဲ့ တွဲပါတယ်ဘုရား)၊ ခန္ဓာနဲ့ပညာနဲ့ တွဲလိုက်တော့ ခန္ဓာနဲ့တဏှာနဲ့ကွဲသွားတယ်။

အဲဒီတော့ ဒကာ ဒကာမတို့၊ အခု ပြောတဲ့ နှစ်လုံးဟာ သိပ်အရေးကြီးပါတယ် မှတ်ကြစမ်းပါ၊ ဒီအတိုင်းနေတော့ သွားလိုက်၊ လာလိုက်၊ နေလိုက်၊ ထိုင်လိုက် ကိုယ်သွားချင်သွားလို့ရတယ်၊ ကိုယ်ထိုင်ချင်ထိုင်လို့ရတယ်၊ ကိုယ်ပြောချင် ပြောလို့ရတယ်ဆိုတော့ ဒိဋ္ဌိတဏှာနဲ့ ခန္ဓာနဲ့က တစ်သားတည်း ဖြစ်နေတယ်...။ (မှန်ပါ့ဘုရား)။

"ရူပံ အတ္တတော သမနုပဿတိ၊ ဝေဒနံ အတ္တတော သမနုပဿတိ" ဆိုတဲ့အတိုင်း ရုပ်ဟာ ငါပဲ၊ ဝေဒနာဟာ ငါပဲ၊ ခန္ဓာငါးပါး ငါချည်းပဲ၊ ငါသွားချင် သွားနိုင်လာနိုင်တာပဲ၊ ငါ လုပ်ချင်လုပ်နိုင်တာပဲ၊ ခန္ဓာနဲ့တဏှာနဲ့ မတွဲဘူးလား...။ (တွဲပါတယ်ဘုရား)။

အဲ...ဒီခင်တုန်းအခါကတော့ဖြင့်တဲ့၊ ဒကာ ဒကာမတို့ ဘယ်နည်းနဲ့မှ ဖောက်ပြန်ပျက်စီးတာ မမြင်နိုင်ဘူး...။ (မှန်ပါ့)။

ကဲ...အခု ဘုရားက နည်းပေး၊ ဆရာဘုန်းကြီးက နည်းပေးတာတွေနဲ့ ဒကာ ဒကာမတွေက ဝေဖန်ပြီး စောင့်ပြီး ကြည့်နေတဲ့အခါ ဟိုနေရာကအောင့်၊ ဒီနေရာကနာ၊ ဒီနေရာက တစ်မျိုးတစ်ဖုံဖြစ်၊ အမျိုးမျိုးဖောက်ပြန် ပျက်စီးနေတာတွေ မတွေ့ရပေဘူးလား...။ (တွေ့ရပါတယ်ဘုရား)။

အဲဒီအခါကျတော့ ခန္ဓာနဲ့ ပညာနဲ့ တွဲနေတယ်...။ (မှန်ပါ့ဘုရား)၊ ဘာမှ မသိတဲ့အခါကျတော့ ခန္ဓာနဲ့တဏှာ

တွဲနေတယ်...။ (မှန်ပါ့)၊ ဘာမှ မသိတဲ့အခါကျတော့... (ခန္ဓာနဲ့တဏှာတွဲနေပါတယ်ဘုရား)။

အင်း...သိလုံးလေးများ ဝင်လာတဲ့အခါကျတော့... (ခန္ဓာနဲ့ပညာတွဲနေပါတယ်ဘုရား)၊ အဲ...ခန္ဓာနဲ့ပညာတွဲတော့ ဒုက္ခ သစ္စာနဲ့ မဂ္ဂသစ္စာတွဲတယ်...။ (မှန်ပါ့)။

အရင်တုန်းကတော့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ တွဲနေတယ်...။ (မှန်ပါ့)၊ သဘောကျရဲ့လား...။ (ကျပါတယ်ဘုရား)၊ အဲဒီကဲ့သို့ ဒကာ ဒကာမတို့ ဒီလို ခန္ဓာနဲ့ ပညာနဲ့ တွဲ–တွဲပေးလိုက်တဲ့အခါကျတော့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာ ရှိလို့ ဒုက္ခသစ္စာချည်း ပြောနေတယ်၊ ဒကာ ဒကာမတွေ စောင့်ကြည့်တဲ့ဉာဏ်ကို ပြောနေတယ်...။ (မှန်ပါ့)၊ မပြောဘူးလား...။ (ပြောပါတယ်ဘုရား)။

အရုပ်ဆိုးတာကိုလဲ အရုပ်ဆိုးတယ်လို့ပြောတယ်...။ (မှန်ပါ့)၊ အကျည်းတန်တာကိုလဲ အကျည်းတန်တယ်လို့ ပြောပါတယ်...။ (မှန်ပါ့)။

ခန္ဓာကချည်း ပြောနေတာပဲ၊ အဲဒီတော့ ခန္ဓာက ပြောတဲ့ အခါကျလို့ရှိရင်ဖြင့် သြော်...အရုပ်ဆိုးလိုက်တာ၊ သြော်... အကျည်းတန်လိုက်တာလို့ ဉာဏ်က လိုက်ပေးပါ...။ (မှန်ပါ့)။

အဲဒီကဲ့သို့ အရုပ်ဆိုး အကျည်းတန်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဉာဏ်က လိုက်ပေး၊ လိုက်ပေး

လိုက်တဲ့အခါ လိုချင်စရာ, ရချင်စရာမပေါ်၊ ရွံစရာ,မုန်းစရာတွေသာ ပေါ်မလာဘူးလား...။ (ပေါ်လာပါတယ်ဘုရား)၊ အင်း...ရွံစရာ, မုန်းစရာ ပေါ်လာတာ ဉာဏ်တက်လို့ မှတ်ရမယ်...။ (မှန်ပါ့ဘုရား)။

ရွံစရာ, မုန်းစရာ ပေါ်လာတယ်လို့လဲ ဒကာ ဒကာမတွေ မရှုဘဲ, မမှတ်ဘဲ မနေနဲ့၊ ရွံစရာ, မုန်းစရာကို ဆက်လက်ပြီး ခွဲန ပဲနဲ့သာ ရှုပေးပါ...။ (မှန်ပါ့)။

ရှုပေးတဲ့အခါကျတော့ ဒကာသစ်တို့ ရွံစရာ, မုန်းစရာ, အမြင်များလေ, များများမြင်လေ, မလိုချင်လေ...။ (မှန်ပါ့)၊ မလာပေဘူးလား...။ (လာပါတယ်ဘုရား)၊ ဒါဖြင့် မလိုချင်တဲ့ ဉာဏ်သည် မဂ်ဉာဏ်ပဲ...။ (မှန်ပါ့ဘုရား)။

မလိုချင်လို့ရှိရင် ဒကာ ဒကာမတွေ၊ ရွံစရာ၊ မုန်းစရာတွေ ချုပ်ပျောက်သွားတယ်၊ ရွံစရာ, မုန်းစရာတွေ ချုပ်ပျောက်ပြီးသကာလတဲ့၊အင်း...ဒကာသစ်တို့ကဖြစ်စေ၊ ဦးလှဘူးတို့ကဖြစ်စေ...၊

အင်း...ခုနကဖြင့် ရွံစရာ, မုန်းစရာ ဖောက်ပြန်တာတွေပဲ တွေ့တယ်၊ ယခုတော့ဖြင့် မတွေ့ဘူးဆိုလို့ရှိရင်ဖြင့် ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ ကွဲသွားပြီးသကာလ သုခသစ္စာဆိုတဲ့ နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ တွဲသွားတယ်...။ (မှန်ပါ့)။

## နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ တွဲသွားတယ်

ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့ ကွဲသွားတယ်၊ သုခသစ္စာဆိုတဲ့ နိဗ္ဗာန်နဲ့ ဉာဏ်နဲ့ တွဲသွားတယ်...။ (မှန်ပါ့)၊ အဲဒါကြောင့် ဒီအလုပ်သည် ဒကာ ဒကာမတို့ အလုပ်မှန်ပဲဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)။

ရွံစရာ, မုန်းစရာကို ရွံစရာ, မုန်းစရာ မဟုတ်ရင် ခင်စရာ ဖြစ်ရတော့မယ်...။ (မှန်ပါ့)၊ ဖောက်ပြန်ပျက်စီး တာကို ဖောက်ပြန်ပျက်စီးတယ်လို့ မမြင်လို့ရှိရင် ခိုင်တယ်, မြဲတယ်ဆိုတဲ့ ဒိဋ္ဌိက လာမှာပဲ...။ (မှန်ပါ့)။

ဒိဋ္ဌိနဲ့တွဲလိုက်၊ တဏှာနဲ့တွဲလိုက်၊ ဘယ်တော့မှ ခန္ဓာနဲ့ ဉာဏ်နဲ့ မတွဲမိဘူး...။ (မှန်ပါ့)။

ဒါကြောင့် ဝိပဿနာဆိုတာ ဒိဋ္ဌိ, တဏှာ တွဲမှုကို ခွဲပြီး သကာလ ဉာဏ်နဲ့ တွဲမှုကို အလုပ်,လုပ်တာဟာ ဝိပဿနာ အလုပ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

သဘောပါပလား...။ (ပါ,ပါတယ်ဘုရား)၊ **အေး...** အရင်တုန်းကတော့ ဒိဋ္ဌိ,တဏှာနဲ့ ခန္ဓာနဲ့ တွဲနေတယ်၊ အခု ဘုရားက နည်းကောင်းတွေပေး၊ ဆရာသမားက နည်းကောင်း နည်းနာတွေ ပေးလိုက်တဲ့အခါကျတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲပေးလိုက်တယ်...။ (မှန်ပါ့)။

## ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်

ခန္ဓာနဲ့ ဉာဏ်နဲ့ တွဲပေးလိုက်တဲ့အခါကျတော့ ဉာဏ်ကမှ အမှန်မြင်ကိုဗျ…။ (မှန်ပါ့)၊ အဲဒီ အမှန်မြင်က ဖောက်ပြန် ပျက်စီးတာတွေ မမြင်ဘူးလား…။ (မြင်ပါတယ်ဘုရား)။

အဲ…ဒီကဲ့သို့ မြင်လာတဲ့အခါကျတော့မှ ဪ… ဖောက်ပြန်ပျက်စီးတာပဲ ရှိတယ်ဆိုတဲ့ ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ် ဝမ်းထဲရောက်ပြီ…။ (မှန်ပါ့)။

ဒီ ဖောက်ပြန်ပျက်စီးတာချည်း မြင်ပါများလို့ ဒကာ ဒကာမတွေက ကြည့်ရ,ရှုရတာ များတော့ ခုနက ရွံမုန်း ငြီးငွေ့မလာဘူးလား…။ (လာပါတယ်ဘုရား)၊ ဒါ ဉာဏ် တက်လာတာလို့သာ မှတ်ကြပေတော့…။ (မှန်ပါ့)။

မကြည့်ချင်လို့ ထ,မပြေးလိုက်ပါနဲ့ ဉာဏ်တက်လာတာ၊ တက်လာပါတယ်လို့ဆိုပြီး ဆရာကောင်းက နည်းပေးတဲ့အတွက် ခင်ဗျားတို့ ဪ…ဒါ ဉာဏ်တက်လာတာပါလားဆိုပြီးသကာလ စိုက်စိုက်စူးစူးပဲ၊ မုန်းလျက်နဲ့ပဲ စိုက်စိုက်စူးစူး ရှုပေးပါ…။ (မှန်ပါ့)။

## မလိုချင်တာသည် မဂ္ဂင်ရှစ်ပါးဆိုက်တာ

စိုက်စိုက်စူးစူး ရှုရာကနေပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် အကြိမ်များလာပြီဆိုမှဖြင့် အင်း…

တကယ့်ကိုပဲ မလိုချင်စရာပါလားဆိုတာ မလာပေဘူး လား...။ (လာပါတယ်ဘုရား)။

မလိုချင်စရာလာလို့ရှိရင် "ဝိရာဂေါ မဂ္ဂေါ"ဆိုတဲ့ အတိုင်း ဝိရာဂေါ-ရှုပါများလို့ မလိုချင်တာသည်၊ မဂ္ဂေါ- မဂ္ဂင်ရှစ်ပါးပဲ...။ (မှန်ပါ့)၊ မလိုချင်တာသည် ဘာပါလိမ့်... (မဂ္ဂင်ရှစ်ပါးပါဘုရား)။

မလိုချင်တာ မဂ္ဂင်ရှစ်ပါးဆိုသဖြင့် မလိုချင်တဲ့ပုဂ္ဂိုလ် မှာ ရှေးက ဒုက္ခသစ္စာကြီး ပျောက်ပျက်ပြီးသကာလ နိရောဓ သစ္စာ ဘွားခနဲ ပေါ်လာတာပဲ...။ (မှန်ပါ့)၊ မပေါ်လာဘူး လား...။ (ပေါ်လာပါတယ်ဘုရား)။

ဤကဲ့သို့ ပေါ်လာတာ ထောက်လိုက်တော့ နိရောဓ, မဂ္ဂဆိုတော့မှ ခုနက သေခါနီး မြင်ရမယ့် ကိုယ်လုပ်ထားတဲ့ အကုသိုလ်တွေကြောင့် ငရဲအိုးတွေ၊ ငရဲမီးတွေ ဟုန်းဟုန်း တောက်နေတာ။

တိရစ္ဆာန်ဘုံကြီး ခွေးနက်ကြီးတွေက လာကိုက်နေတာ တွေဟာ ခုလို မြင်ပြီးသား ပုဂ္ဂိုလ်ကျတော့ ဘယ်တော့မှ မလာတော့ဘူး...။ (မှန်ပါ့)၊ မလာတော့ဘူး...။ (မှန်ပါ့)။

ဒီ မလိုချင်တဲ့ဉာဏ် လာတဲ့အချိန်ကစ,ပြီးသကာလ အဲဒီ သေခါနီးလာမယ့် နိမိတ်တွေ၊ ကိုယ်သွားရမယ့် **ပုဗ္ဗ** နိမိတ်တွေ၊ ငရဲနိမိတ်တွေ၊ တိရစ္ဆာန်နိမိတ်တွေဟာ **အဲဒီ** အချိန်က စ,ပျောက်တယ်။

အဲဒီတော့ ဒီအချိန်က၊ မလိုချင်တဲ့အချိန်က၊ ခန္ဓာ မလိုချင်တဲ့အချိန်က စ,ပျောက်တယ်ဆိုတော့ သေခါနီး သူတို့ လာဖို့ရာ အချိန်ရသေးရဲ့လား…။ (မရပါဘုရား)။

အဲ…ဒီကဲ့သို့ မရတော့ ဒီပုဂ္ဂိုလ်ပဲ မဂ်ဆိုက်တဲ့ပုဂ္ဂိုလ် သေပြီဆိုကြစို့၊ မလိုချင်တဲ့ပုဂ္ဂိုလ် သေပြီဆိုတော့ မဂ်လေး တန်လုံး ရလို့ရှိရင်လဲ ပြုံးသေပဲ…။ (မှန်ပါ့)။

## ပြုံးပြီး သေတယ်

အားလေးတန် မရောက်ဘူး၊ တစ်တန်ပဲ ရတယ်ဆို ဦးတော့ သုဂတိနိမိတ်တွေ လာထင်တယ်…။ (မှန်ပါ့)၊ နက်ရှာသုဂတိနိမိတ်တွေ လာထင်တော့ ပြုံးပြီးတော့ စုတိစိတ် ကျသွားတယ်…။ (မှန်လှပါဘုရား)။

အရင်လို မျက်ရည်စက်လက်နဲ့ ခေါင်းအုံးပေါ် မျက်ရည်တွေ ရွှဲနေတဲ့ သဘောမျိုး လာသေးလား…။ (မလာ ပါဘုရား)။

အနေကောင်းလုပ်လို့ အသေကောင်း ဖြစ်သွား တယ်…။ (မှန်လှပါဘုရား)၊ သဘောပါကြပလား…။ (ပါ,ပါပြီဘုရား)၊ ဘယ်လိုကြောင့်ပါလိမ့်…။ (အနေကောင်း လို့ အသေကောင်းတာပါဘုရား)။

**သေရာလမ်းသည် အားလုံးဆုံရာဌာန**

အဲဒါ အားလုံးတော့လဲ ဒီလမ်းကို မသွားမယ့်ပုဂ္ဂိုလ်ကလဲ တစ်ဦးမှ မရှိကြဘူး၊ သေရာလမ်းဆိုတာ အားလုံးတို့၏ ဆုံရာဌာနတစ်ခုပဲ...။ (မှန်ပါ့ဘုရား)။

သေရာလမ်းဆိုတာ ဘာပါလိမ့်...။ (အားလုံးတို့၏ ဆုံရာဌာနတစ်ခုပါဘုရား)၊ အားလုံးတို့၏ ဆုံရာဌာနတစ်ခု ဖြစ်ပါတယ်ဆိုတာ မှတ်ထားလိုက်တော့ဖြင့် ဆုံပင်ဆုံငြား သော်လဲ ပြုံးပြီး သေရအောင်၊ မျက်ရည်စက်လက်နဲ့ မသေရအောင် ခုချိန်က ပြင်ရမှာပဲ...။ (မှန်ပါ့)၊ ဘယ်လိုပြင်ကြရမတုံးဆိုလို့ရှိရင် ခုနကပြောတဲ့ ဉာဏ်သုံးဆင့်တက်မိအောင် တက်ပါ...။ (မှန်ပါ့ဘုရား)။

စောင့်ကြည့်နေလို့ရှိရင်ဖြင့် ဖောက်ပြန်တာ မြင်ပါလိမ့်မယ်၊ ကြပ်ကြပ်ကြည့်ပါများရင် ဖောက်ပြန်တာကို မုန်းပါလိမ့်မယ်...။ ကြပ်ကြပ်ကြည့်ပါများရင် ဖောက်ပြန် ပျက်စီးတာ မလိုချင်တာ ပါလိမ့်မယ်၊ (မှန်လှပါဘုရား)၊ မလိုချင်ရင် ဖောက်ပြန် ပျက်စီးတတ်တဲ့ ရုပ်နာမ်ခန္ဓာတွေ အကုန်ချုပ်ပါလိမ့်မယ်...။ (မှန်ပါ့)။

ချုပ်သွားတဲ့အခါကျလို့ရှိရင် မလိုချင်တဲ့ဉာဏ်သည်တဲ၊ ဖောက်ပြန်ပျက်စီးမှုမရှိတဲ့ သန္တိလက္ခဏာ နိရောဓသစ္စာ၊ ဆိုတဲ့ အနိမိတ္တာပစ္စုဋ္ဌာနံ ဝိက္ခမ္ဘန ပစ္စုပဋ္ဌာနံ။ ဆိုတဲ့အတိုင်း

တဲ့၊ စုတိ ပျက်ကြွေမသေနိုင်ဘဲ ခိုင်မြဲတဲ့ နိဗ္ဗာန်ကြီး မြင်လာပါလိမ့်မယ်...။ (မှန်ပါ)။

အဲဒီကဲ့သို့ မြင်လာတဲ့အခါကျလို့ရှိရင် ငရဲအိုးတွေ, ငရဲမီးတွေ အကုန်သိမ်း၊ မျက်ရည်တွေ အကုန်သိမ်း၊ အပါယ်လေးဘုံ ဘယ်ဟာလာနိုင်သေးတုံး...။ (မလာနိုင်တော့ပါဘုရား)။

အဲဒီ မလာနိုင်တဲ့ အခြေအနေရောက်အောင် ဒကာဒကာမတွေက ကြိုးစားထားတော့၊ သေခါနီးကျတော့ ဒီကနိမိတ်တွေက မလာ၊ သုဂတိနတ်ပြည်နိမိတ်တွေက နတ်သမီးတွေ၊ နတ်ရထားတွေသာ လာဆိုက်ပြီး တစ်ခါတည်းသူ့ရထားတက်ပါ၊ ငါ့ရထားတက်ပါနဲ့ ဒီလိုသာ လာတော့တယ်...။ (မှန်ပါဘုရား)။

## မဲ့သေရှောင်ပြီး ပြုံးသေဆောင်ပါ

ဒီ မြေအိုးတွေ စွန့်ပြီး ရွှေရေအိုးတွေကို သုံးပါ, စွဲပါ ဆိုသလို မြေတိုက်တွေစွန့်ပြီးသကာလ ရွှေတိုက်တွေမှာ လာနေပါလို့ ခေါ်တယ်ဆိုတော့ စွန့်ရမှာက အဖိုးမတန် ရမှာက အဖိုးတန်ဆိုတော့ ပြုံးပြီး လိုက်သွားတာပေါ့...၊ (မှန်ပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ မျက်ရည်စက်လက်နဲ့ မဲ့သေကို ရှောင်ပြီး သကာလ ပြုံးသေကို ဆောင်ရအောင်...

ဒါဖြင့် အိမ်စေ ကျွန်မ,လေး၊ အိမ်စေ ယောကျ်ားလေးနဲ့ မတူဘူးလား၊ အဟင်း...ဒါဖြင့် ပြင်ဘက်မှာ ဘယ်လိုတရားခမ္မတွေ မိုးလိုရွာပြီး နိဗ္ဗာန်ဝင်လမ်းတွေ အမျိုးမျိုးအဖုံဖုံ ပြသနေကြငြားသော်လဲ သူ့မှာ အိမ်စေနဲ့တူတဲ့၊ ကိုယ့်အလိုမလိုက်တဲ့ စိတ်နဲ့ အတူနေရတာကို...။ (မှန်ပါ့)။

ကိုယ့်အလိုမလိုက်တဲ့စိတ်က ထွက်ပြေးနေတာ...။ (မှန်ပါ့)၊ ထွက်ပြေးနေတော့ ကိုယ့်အလိုလိုက်သေးရဲ့လား...။ (မလိုက်ပါဘုရား)။

အဲ...ကိုယ့်အလိုမလိုက်တော့ ဒီစိတ်အလိုပဲ လိုက်ပြီး သကာလ နေရတော့၊ ဥဒ္ဒစ္စအလိုလိုက်ပြီး နေရတော့ တောင်အာရုံပြုလိုက်၊ မြောက်အာရုံပြုလိုက်၊ အနောက်အာရုံပြုလိုက်၊ ရှေ့ရေး အာရုံပြုလိုက်၊ နောက်ရေး အာရုံပြုလိုက်၊ အဲဒီစိတ်နောက်ကို ပုဂ္ဂိုလ်သတ္တဝါက လိုက်နေတယ်...။ (မှန်ပါ့)။

လိုက်နေတော့ ဥဒ္ဒစ္စ ကျွန်ဖြစ်မနေဘူးလား...။ (ဖြစ်နေပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာတို့၊ စဉ်းစားတာပေါ့တဲ့၊ သူဟာ ဥဒ္ဒစ္စ၏ ကျွန်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဥဒ္ဒစ္စ သွားရာကိုသာ လိုက်နေရတော့ ကိုယ့်သဘောပါသေးရဲ့လား...။ (မပါ,ပါဘူးဘုရား)။

ဒါဖြင့် ကျွန်ဖြစ်,မဖြစ် စဉ်းစားကြည့်...(ဖြစ်ပါတယ်ဘုရား)၊ အဲဒီလို ဥဒ္ဒစ္စ ရှိနေလို့ရှိရင်လဲ ဒကာ ဒကာမတို့ ကျွန်ဘဝနဲ့ အသက်ရှည်နေရလို့၊ ဘုရားသခင်ကိုယ်တော်

ယခု အချိန်က စ,ပြီး ခန္ဓာ၏ ဖောက်ပြန်မှု၊ ပျက်စီးမှုကို ကြည့်ဖြစ်အောင် ကြည့်ပါဆိုတာ တရားမဟောမီ ရှေ့အဖို့က ဝိပဿနာဉာဏ်ရှေ့ထားပြီး ပြောနေတယ်လို့ မှတ်စမ်းပါ...။ (မှန်လှပါဘုရား)၊ သဘောပါကြပလား...၊ (ပါ,ပါပြီဘုရား)၊ ကိုင်း...ဒါဖြင့် မနေ့ကတရား ပြန်ဆက်ကြစို့နော်...။ (မှန်လှပါဘုရား)။

နိဗ္ဗာနတရား ငါးပါးတဲ့၊ ကာမစ္ဆန္ဒ နိဗ္ဗာန၊ ဗျာပါဒနိဗ္ဗာန၊ ထိနမိဒ္ဓနိဗ္ဗာန နှစ်ခုတွဲသူက...(မှန်ပါ့) ဥဒ္ဓစ္စကုက္ကုစ္စနိဗ္ဗာန နှစ်ခုတွဲကိုး၊ ဝိစိကိစ္ဆာ နိဗ္ဗာနလို့ နိဗ္ဗာနတရား ဘယ်နှစ်ပါး ရှိပါလိမ့်...။ (ငါးပါးပါဘုရား)။

နိဗ္ဗာနလို့ ဘယ့်နှယ်ကြောင့် အမည်ပေးရပါလိမ့်...။ (နိဗ္ဗာန်မဂ်ဖိုလ်တားတဲ့အတွက် နိဗ္ဗာနအမည်ပေးပါတယ်ဘုရား)။

မဂ်တား, ဖိုလ်တား, ဝါ–ပိတ်ပင်တတ်သောကြောင့် နိဗ္ဗာနတရားလို့ ဦးလှဘူးတို့၊ ဒကာသစ်တို့ မှတ်လိုက်တာပေါ့ဗျာ...။ (မှန်ပါ့ဘုရား)။

ပိတ်ပင်ပုံများက ကာမစ္ဆန္ဒနိဗ္ဗာနကလဲ ကြွေးဆပ်နေရတာနဲ့၊ မအားတာနဲ့ဘဲ နိဗ္ဗာန်ရောက်သေးလား...။ (မရောက်ပါဘူးဘုရား)။

ဗျာပါဒနီဝရဏကလဲ မနေ့က ပြောခဲ့ပြီ၊ ရောဂါစွဲနေတဲ့သူနဲ့ တူတာနဲ့ပဲ မင်္ဂဉာဏ်ဆေးကောင်းကို တိုက်လို့ ရရဲ့လား…။ (မရပါဘူးဘုရား)။

မရလို့ သူလဲ မင်္ဂဖိုလ်နဲ့ မလွဲရဘူးလား…။ (လွဲရပါတယ်ဘုရား)၊ မင်္ဂဆေး ဖိုလ်ဆေးတွေ တိုက်တော့ သောက်လို့ ရရဲ့လား…။ (မရပါဘူးဘုရား)။

ထိနမိဒ္ဓ နီဝရဏလို့ မနေ့က တရားဆုံးခါနီး ဟောခဲ့လို့ သူကလဲ ထိနဆိုတဲ့ စိတ်၏ မခိုင်ခံ့ခြင်း၊ မိဒ္ဓဆိုတဲ့ စေတသိက်တို့၏ ကိုယ့်စေတသိက် ကိုယ်မနိုင်ခြင်း၊ ဒီနှစ်ခု ဝင်လာလို့ရှိရင် အိပ်ရာပြင်တော့တာပဲ…။ (မှန်ပါ)။

သူကလဲ အိပ်ရာပြင်လိုက်တယ်ဆိုတော့ သံသရာထောင်ကြီးထဲ ကျသွားလို့ ပြင်ဘက်မှာ ဘုရားတွေက ပွင့်၊ တရားတွေက ဟောငြားသော်လဲ သူ ကြားသေးရဲ့လား။

အဲဒါကြောင့် ထောင်ကျနေတဲ့ပုဂ္ဂိုလ်နဲ့ တူသောကြောင့်လဲ သူလဲ မင်္ဂဖိုလ်တားတဲ့တရား…။ (မှန်ပါ)၊ ထောင်ကျနေတဲ့ ပုဂ္ဂိုလ်နဲ့တူသောကြောင့်…(မင်္ဂဖိုလ်တားတဲ့ တရားပါဘုရား)၊ မင်္ဂဖိုလ်တားတဲ့ တရားပဲလို့ ဒကာ ဒကာမတွေက လေးစားစွာနဲ့ မှတ်ထားလိုက်တာပေါ့…။ (မှန်ပါ)။

ကဲ…ဒါဖြင့် ၁–၂–၃ ပြီးသွားတော့ ဒီနေ့ ၄–နံပါတ်ကို ကိုင်ပါလိမ့်မယ်…။ (မှန်ပါ)၊ ၄–နံပါတ်ကလဲ တရား

နှစ်ခု၊ ထိနမိဒ္ဓ ဗန္ဓာဂါရံ၊ ဥဒ္ဓစ္စကုက္ကုစ္စ ဒါသိယာ၊ ဪ... ဥဒ္ဓစ္စကုက္ကုစ္စ ရှိနေလို့ရှိရင် တစ်ခုသောပစ္စည်းရှိတဲ့အိမ်မှာ အခိုင်းအစေဖြစ်တဲ့ ကျွန်နဲ့တူသတဲ့...။ (မှန်ပါ့)။

တစ်ခုသောပစ္စည်းရှိတဲ့အိမ်မှာ အခိုင်းအစေ ကျွန်လေးတွေ၊ ကျွန်မလေးတွေ၊ အိမ်စေယောကျ်ားလေးတွေ မွေးမထားကြဘူးလား...။ (မွေးထားကြပါတယ်ဘုရား)။

သခင်က ဘယ်လိုပဲ ဓာတ်ရှင်ပွဲ၊ ပျော်ပွဲ၊ အလှူမင်္ဂလာပွဲ၊ အမျိုးမျိုးကိစ္စ၊ ကျက်သရေမင်္ဂလာရှိတဲ့ပွဲတွေ၊ လောကကြီးထဲမှာ အခမ်းအနားတွေ သွားဉြားသော်လဲ သူ့မှာတော့ ဖြင့်တဲ့၊ အိမ်စေဖြစ်တဲ့ အိမ်စေအလုပ်နဲ့ပဲ နေရပါတယ်...။ (မှန်ပါ့)။

တခြား ဘာလုပ်လို့ ရသေးသတုံး၊ အိမ်စေဖြစ်နေလို့ အိမ်ရှင်များ သဘောကျ နေရတော့တယ်ဆိုတာ အထင်အရှားပေါ့ဗျာ...။ (မှန်ပါ့)။

အဲ...ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိနေမယ်ဆိုရင်လဲ ထိုနည်းအတူပဲ၊ ဥဒ္ဓစ္စဆိုတာ စိတ်၏ ပျံ့လွင့်မှုဆိုတော့ စိတ်ကို နိုင်သေးရဲ့လား...။ (မနိုင်တော့ပါဘုရား)။

စိတ်ကို မနိုင်တော့ကိုတဲ့၊ ကိုယ်အလိုလိုက်နေရတယ်၊ သဘောပါသေးရဲ့လား...။ (မပါ,ပါဘုရား)၊ ကိုယ်အလိုတိုင်း နေရတဲ့သဘောမပါတော့ သခင်စေခိုင်းသလို...(မှန်ပါ့)။

မြတ်ကြီးက အဇာတသတ် ဟောလိုက်တယ်...။ (မှန်ပါ့)၊ ကျွန်ဘဝနဲ့ အသက်ရှည်ဖြစ်နေတာကွ၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဥဒ္ဒစ္စက ဥပမာမယ်၊ တောင်ဘက်ပြေးသွားတယ်၊ တောင်ဘက် ခန္ဓာကိုယ်က လိုက်ရပြီ...။ (မှန်ပါ့)၊ မြောက်ဘက်ပြေးရင်...(မြောက်ဘက်လိုက်ရပါတယ်ဘုရား)။

အင်း...အောက်ပြေးသွားရင်...(အောက်လိုက်ရပါတယ်ဘုရား)၊ အထက်ပြေးသွားရင်ကော...(အထက်လိုက်ရပါတယ် ဘုရား)၊ ဒါဖြင့် ဥဒ္ဒစ္စ ပြေးသလောက် ခန္ဓာကိုယ်လိုက်နေရတော့ ဒီခန္ဓာထဲမှာရှိနေတဲ့ ရုပ်နာမ်ဟာ ကိုယ်ပိုင်လား၊ ကျွန်လား...။ (ကျွန်ပါဘုရား)။

ဥဒ္ဒစ္စ တည်းဟူသော သခင်၏အလိုသို့ လိုက်နေရတယ်...။ (မှန်ပါ့)၊ ဒီလိုလိုက်နေတော့ ပြင်ဘက်မှာ ဘုရားတွေ တရားတွေဟော၊ အမျိုးမျိုး ကျွတ်တမ်းတွေ ပြပြီး သကာလ နေကြငြားသော်လဲ သူနဲ့ ဆိုင်ပါရဲ့လား...။ (မဆိုင်ပါဘူးဘုရား)၊ ဘယ်သူ့သတ္တိဆိုတာ ရိပ်မိကြပလား...။ (ရိပ်မိပါတယ်ဘုရား)။

ဥဒ္ဒစ္စ ရှိနေတဲ့ ပုဂ္ဂိုလ်မှာ ကျွန်ဖြစ်နေတဲ့ ဥဒ္ဒစ္စ အလိုသာ လိုက်နေရတယ်...။ (မှန်ပါ့)၊ ဘယ်သူ့အလို လိုက်နေရတုံး...။ (ဥဒ္ဒစ္စ အလိုလိုက်နေရပါတယ်ဘုရား)။

တလဲလဲ သူ့စိတ်ထဲမှာ ဒါတွေ မပြုရသေးဘူးဆိုတဲ့ စိတ်ကလေး သောက ဖြစ်နေတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

ဒါဖြင့် ပြုအပ်ပြီးတဲ့ ဒုစရိုက်အတွက်လဲ သောကဖြစ်နေတယ်...။ (မှန်ပါ)၊ မပြုအပ်သေးတဲ့ သုစရိုက်အတွက်တွေကော ..(သောကဖြစ်ပါတယ်ဘုရား)၊ ဪ...လုပ်တော့တစ်ခုမှ လုပ်ပြီးတာ မပါဘူး...။ (မှန်ပါ)။

ခုလဲ သူ့လက်ရှိအလုပ် ဘာလုပ်သေးတုံး...။ (ဘာမှမလုပ်ရသေးပါဘုရား)၊ ဒါဖြင့် သူသည် ဒကာ ဒကာမတို့ မဂ်တား ဖိုလ်တားမှ ဟုတ်ကဲ့လား...။(ဟုတ်ပါတယ်ဘုရား)။

ပြုအပ်ပြီးသော ဒုစရိုက်ကိုတော့လဲ အောက်မေ့နေပြန်တယ်...။ (မှန်ပါ)၊ မပြုရသေးတဲ့ သုစရိုက်အလုပ်တွေ၊ ကောင်းတဲ့အလုပ်တွေကျတော့ မပြုရသေးလို့ ခက်သေးတယ်လို့လဲ သောကဖြစ်နေတယ်၊ လုပ်ပြီးသားတွေကျပြန်တော့လဲ စိတ်က မကျေမနပ်ဖြစ်နေပြန်တယ်...။ (မှန်ပါ)၊ မလုပ်ရသေးတာကျတော့လဲ လုပ်တာလဲ မဟုတ်ဘဲနဲ့ သောကဖြစ်နေတယ်...။ (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ ကုက္ကုစ္စဆိုတဲ့ တရားသည် ကုစ္ဆိတံ ကတံ-ကုကတံ။ ကုစ္ဆိတံ-စက်ဆုပ်အပ်သည်ကို၊ ကတံ-ပြုသည်တည်း၊ ကုစ္ဆိတံ-စက်ဆုပ်အပ်တဲ့အလုပ်ကို ပြုလုပ်လေ့ရှိတယ်...။ (မှန်ပါ)။

ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဥဒ္ဒစ္စ ရှိတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်ဘဝ ရောက်နေတယ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ဥဒ္ဒစ္စက ဝမ်းထဲရောက်လာရင်...(ကျွန်ဘဝရောက်ပါတယ် ဘုရား)၊ ကျွန်ဘဝရောက်နေတယ်လို့ သေသေချာချာမှတ်၊ ကျုပ်စိတ်က ဟိုရောက်–ဒီရောက်၊ ဟိုပြေး–ဒီပြေးနဲ့၊ အင်း...ဟိုပြေး–ဒီပြေးနဲ့ဆိုတော့ ပြေးရာနောက် လိုက်နေရတယ်...။ (မှန်ပါ့)၊ ဘယ်သူ့ကျွန်ဖြစ်နေသတုံး...။ (ဥဒ္ဒစ္စရဲ့ ကျွန်ဖြစ်နေရပါတယ်ဘုရား)။

ဥဒ္ဒစ္စရဲ့ ကျွန်ဖြစ်ပြီးသကာလနေတော့ သူ့အလိုလိုက်နေရတော့ ဒကာ ဒကာမတို့ ဘယ်လောက်ထိအောင် ဆိုးသတုံးဆိုလို့ရှိရင်၊ ပုံရိုင်းရိုင်းပြောရလို့ရှိရင်ဖြင့် ခွေးမြီးမှာ ပျားအုံမိလို့ရှိရင် ခွေးပြေးသလို ဒီပျားအုံဟာ လိုက်ရမယ်...။ (မှန်ပါ့)။

ပျက်စီးခြင်းသာ ရောက်ရမယ်နော်...။ (မှန်ပါ့)၊ သူက အအုံက လွဲနေတာကိုး...။ (မှန်ပါ့)၊ ခွေးမြီးမှာ သွားပြီး ပျားအုံက စွဲတော့ ခွေးပြေးသလို လိုက်နေရလိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ကလဲ ဘာမှ သံသယရှိစရာ မလိုဘူး...။ (မှန်ပါ့)။

ဒီမှာလဲ ဥဒ္ဒစ္စရှိတဲ့ ရုပ်နာမ်သည် ဥဒ္ဒစ္စက ပြေးချင်သလို ပြေးနေရတဲ့ တရားနောက်ကို ဒီရုပ်နာမ်ကြီးက လိုက်

ပြီးသကာလနေရတော့ သူ့မှာ ပျားဆုံသဖွယ်ဖြစ်ပြီးသကာလ အမျိုးမျိုးသော ဒုက္ခတွေ မကြုံရပေဘူးလား...။ (ကြုံရပါတယ်ဘုရား)။

ဒါကြောင့် သူ့မှာ ဟုတ်လားတဲ့၊ ဥဒ္ဒစ္စရဲ့သဘော အဖြစ်နဲ့ ရုပ်နာမ်က လိုက်နေရသလားလို့ ဦးလှဘူးတို့၊ ဒကာသစ်တို့မေးရင် ဘယ့်နှယ်ဖြေမလဲ...။ (ဥဒ္ဒစ္စနောက် ရုပ်နာမ်က လိုက်နေရပါတယ်ဘုရား)။

## ကျွန်ဟာ ကျွန်လိုပဲ နေရမှာပဲ

ဥဒ္ဒစ္စ၏ သဘောအတိုင်း လိုက်နေရတော့ ကျွန်ဖြစ်မနေဘူးလား...။ (ဖြစ်နေပါတယ်ဘုရား)၊ အဲဒီကျွန်သည် ကားဆိုလို့ရှိရင်ဖြင့် သခင်များ သုံးဆောင်တဲ့၊ သခင်များ စားသောက်သလို၊ သခင်များ၏ နေရေး,ထိုင်ရေး၊ ချောင်ချိသလို သူတို့မှာတော့ ခံစား စံစားရပါရဲ့လားလို့ မေးလို့ရှိရင် ကျွန်ဟာ ကျွန်လိုပဲ နေရမှာပဲ...။ (မှန်ပါ့)။

ကျွန်ဟာ ဘယ့်နှယ်ဆိုပါ့မယ်...။ (ကျွန်လိုပဲ နေရမှာပါ)၊ ကျွန်လိုပဲ နေရမှာပဲ၊ ခင်ဗျားတို့ တစ်သံသရာလုံး ဥဒ္ဒစ္စဒဏ်ချက်ကို မတွန်းလှန်နိုင်တာနဲ့ သံသရာခရီးသည် ဟိုဘုံရောက်လိုက်၊ ဒီဘုံရောက်လိုက် ရောက်ချင်ရာရောက်ပြီး ဟိုဘုံမှာ သေပွဲဝင်လိုက်၊ နာပွဲဝင်လိုက်၊ ဟိုဘုံမှာ

အိုပွဲဝင်လိုက်၊ အလုံးစုံပွဲတွေ၊ အသုဘပွဲတွေချည်း နွှဲခဲ့ရတာ ဥဒ္ဒစ္စ မတွန်းလှန်နိုင်လို့...။ (မှန်ပါ့)။

အသုဘပွဲတွေ နွှဲခဲ့ရတာ...(ဥဒ္ဒစ္စမနိုင်လို့ပါဘုရား)၊ နာပွဲတွေ အလီလီနွှဲခဲ့ရတာကော...(ဥဒ္ဒစ္စ မနိုင်လို့ပါ ဘုရား)။

ဒါဖြင့် သံသရာခရီးသည်မှာ အရှက်တကွဲ အကျိုးနည်းခဲ့ရတာ ကိုယ့်သဘောမရှိဘူး၊ ဥဒ္ဒစ္စနောက် လိုက်နေရတာနဲ့ပဲ အနာကင်း၊ အသေကင်းတဲ့ နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်နိုင်ဘူး...။ (မှန်ပါ့)၊ ရောက်နိုင်သေးရဲ့လား...၊ (မရောက်နိုင်ပါဘုရား)။

အင်း...ဒါကြောင့် ကျွန်သပေါက်ဘဝမှ လွတ်အောင် ဒကာသစ်တို့၊ ဦးလှဘူးတို့ မလုပ်ရင် မဖြစ်ဘူး...။ (မှန်ပါ့) ဥဒ္ဒစ္စသာ ရှိနေလို့ရှိရင် ကျုပ်က စိတ်က သိပ်မြန် တာပဲ ဟိုပြေးသွား, ဒီပြေးသွားနဲ့...။ (မှန်ပါ့)။

တရားကို အားထုတ်လို့ မရဘူး၊ ကျုပ်တော့ ခက်တာပဲဆိုတော့ သူ ကျွန်ဖြစ်လို့ ညည်းတဲ့အသံ၊ ဘာဖြစ်လို့ ညည်းတဲ့အသံ...(ကျွန်ဖြစ်လို့ ညည်းတဲ့အသံပါဘုရား)။

ဘယ်လိုဖြစ်လို့ ညည်းတာပါလိမ့်...။ (ကျွန်ဖြစ်လို့ ညည်းတာပါဘုရား)၊ ကျွန်ဖြစ်လို့ ညည်းတဲ့အသံကို အစ ဘုန်းကြီးများက ပြင်ဆင်ပေးလိုက်ပါတယ်...။ (မှန်ပါ့)။

ဒကာ ဒကာမတို့ တရားထိုင်တဲ့အခါ ခန္ဓာကိုယ်ထဲ

မှာ ဆိုလို့ရှိရင်ဖြင့် ဖောက်ပြန်တာ၊ ပျက်စီးတာ ကြည့်တော့မယ်၊ အစက ပြောခဲ့တိုင်း ကြည့်တော့မယ်ဆိုရင် သူက ဟိုပြေးသွား၊ ဒီပြေးသွားတယ်ဆိုလို့ရှိရင် သူ့ပဲ အရင်ဖြစ်ပျက်ရှုပါ...။ (မှန်ပါ)။

ရှုမယ်ကြံလို့ရှိရင် သူက ဟဒယဝတ္ထုပေါ်မှာ ပေါ်တယ်လို့ မှတ်ရမယ်...။ (မှန်ပါ)၊ ဉာဏ်ဝင်လာလို့ရှိရင်ကော ဥဒ္ဒစ္စပြေးတာပဲ...။ (မှန်ပါ)။

အဲ...ပြေးပြီးမှသာလျှင် ဒကာသစ်တို့ ဝေဒနာကြိုက်ရင် ဝေဒနာရှု...(မှန်ပါ)၊ စိတ်ကြိုက်ရင် စိတ်ရှုမှသာလျှင် တရားစစ်တော့မယ်...။ (မှန်ပါ)။

ဒါဖြင့် ဥဒ္ဒစ္စကို ဖယ်ထုတ်နိုင်တဲ့နည်း မရှိရင် ကိုယ်ကျွန်ဖြစ်ပါလိမ့်မယ်...။ (မှန်ပါ)၊ ကျွန်ဖြစ်သွားလို့ရှိရင် သံသရာခရီးသည်ကြီးဖြစ်ပြီးသကာလ အဖုံဖုံ ဘုံများစွာတို့မှာပဲ လောကီဘုံဟူသရွေ့မှာဖြင့် အိုပွဲ၊ နာပွဲ၊ သေပွဲတွေနဲ့ အရှက်တကွ အကျိုးနည်းရတာ ဥဒ္ဒစ္စမနိုင်လို့...(မှန်ပါ) ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဘာမနိုင်ပါလိမ့်...။ (ဥဒ္ဒစ္စမနိုင်လို့ပါဘုရား)၊ ဒါဖြ ဥဒ္ဒစ္စသည် ဒကာ ဒကာမတို့အား သူ ပြေးရာကို ရန်းက လိုက်ပြီးသကာလ နေရတော့ ဒကာ ဒကာမတို့...

ဥဒ္ဒစ္စဆိုတာ မောဟ အပယိရိက အနောတ္တပ္ပ-ဥဒ္ဒ ဆိုတဲ့ ဥစ္စာသည်တဲ့၊ အင်မတန်ဆိုးရွားတဲ့တရား၊ အပါပ

လေးပါး သုံးဆယ့်တစ်ဘုံထဲမှာသာလျှင် အိုဘေး၊ နာဘေး၊ သေဘေးတွေဆီ လျှောက်ပြေးတာပဲ...။ (မှန်ပါ့)။

ဥဒ္ဒစ္စကပြေး၊ ရုပ်နာမ်ကလိုက်တော့ သူကတော့ နာမ်ခမ္မမို့ ကိစ္စမရှိဘူး၊ လိုက်ရတဲ့ ရုပ်နာမ်ခမ္မကတော့ အသုဘအဖြစ်နဲ့ လိုက်၊ ဒုက္ခသစ္စာအဖြစ်နဲ့လိုက်ပြီး ခွေးအမြီးစွဲတဲ့ ပျားအုံလိုပဲ ချမ်းသာခွင့်ကို မရဘူး...။ (မရပါဘူးဘုရား)၊ ရသေးရဲ့လား...။ (မရပါဘူးဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်လို လုပ်ကြရမလဲလို့ မေးလို့ရှိရင်ဖြင့် ဒီဥဒ္ဒစ္စဟာ ဟဒယ ဝတ္ထုပေါ်မှာ ပေါ်ပါတယ်...။ (မှန်ပါ့)။

**အနိစ္စဉာဏ်နဲ့ ချေမှုန်းပစ်ပါ**

ပေါ်လို့ရှိရင်ဖြင့် မင်းဟာ ကျွန်သပေါက်ဘဝထဲ ဆွဲမလို့ ဝင်လာတာပဲ...။ (မှန်ပါ့)၊ ဆိုပြီးသကာလ မင်းဟာ **အနိစ္စ**လား၊ နိစ္စလား မေးပြီးသကာလ ရှုပေတော့...။ (မှန်ပါ့)။

ရှုလိုက်တော့ ဘယ်သူလို့ ပြောမယ်ထင်တုံး...။ (အနိစ္စလို့ ပြောမှာပါဘုရား)၊ အဲ...သူဟာ အနိစ္စပါပဲလို့ ပြောသွားရော၊ အဲဒီအနိစ္စတစ်ချက် ကျုပ်တို့က ရလိုက်ပြီးမှ ကျုပ်တို့ ရှုနေကျ ဝေဒနာတို့ ရုပ်တို့ကို ပြန်လှည့်ရှုလိုက်...။

(မှန်ပါ)၊ အဲ...ဥဒ္ဒစ္စ နိုင်ပြီးမှ ရှုတော့ကို အရှင်သခင်ဖြစ်သွား ပေါ့...။ (မှန်ပါ)။

ကျွန်သပေါက်ဖြစ်မယ့် ပစ္စည်း ပြေးသွားပြီဆိုလို့ရှိရင် လွဲပါ့မလား...။ (မလွဲပါဘုရား)၊ အဲဒီလို ဒကာ ဒကာမတို့၊ ဥဒ္ဒစ္စ ဖယ်တတ်ပလား...။ (ဖယ်တတ်ပါပြီဘုရား)၊ အဲဒါ ဥဒ္ဒစ္စဖယ်၊ ကျွန်စာရင်းမှ လွတ်ကင်းတယ်...။ (မှန်ပါ)။

ဥဒ္ဒစ္စဖယ်ရင်...(ကျွန်စာရင်းမှ လွတ်ကင်းပါတယ် ဘုရား)၊ ကျွန်စာရင်းမှ လွတ်ကင်းပါတယ်ဆိုတာ ဒကာ ဒကာမတို့ လေးလေးစားစား မှတ်ထားတော့...။ (မှန်ပါ)။

တစ်ခါတည်း ထ,ပြီးသကာလ ကျုပ်ကတော့ ကျုပ် စိတ်ကို မနိုင်ဘူး၊ ရှုလို့ မဖြစ်ဘူးလို့ မပြောပါနဲ့...။ (မှန်ပါ)၊ သူက ကျွန်စာရင်းသွင်းမလို့ လာတာကိုး၊ သူ့ကို အနိစ္စ ဉာဏ်နဲ့ ချေမှုန်းပစ်ပါ...။ (မှန်ပါဘုရား)။

ဘာလုပ်ရမတုံး...။ (သူ့ကို ချေမှုန်းပစ်ရပါမယ် ဘုရား)၊ အနိစ္စဉာဏ်နဲ့ ချေမှုန်းပစ်တဲ့အခါကျတော့ သူက ကျွန်စာရင်းသွင်းမယ်လို့ လာတဲ့တရား။

ကျုပ်တို့က နိုင်သွားတဲ့အခါကျတော့ ကိလေသာ ရန်သူ အောင်ပွဲယူလိုက်တာပဲ...။ (မှန်ပါ)၊ ဘာပါလိမ့်ဗျ...။ (ကိလေသာရန်သူ အောင်ပွဲယူလိုက်တာပါဘုရား)။

ကိလေသာရန်သူ အောင်ပွဲယူလိုက်တဲ့အတွက်တဲ့

ဒကာ ဒကာမတို့၊ ကိုယ်လုပ်ချင်တဲ့အလုပ် မလုပ်ရပေဘူးလား...။ (လုပ်ရပါတယ်ဘုရား)။

အင်း...ကျွန်အဖြစ်က လွတ်သွားတဲ့အခါကျတော့ ကိုယ်က ကျန်တဲ့ ရုပ်နာမ် ရှိမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင်ယူမယ်ဆိုရင် မရပေဘူးလား...။ (ရပါတယ်ဘုရား)၊ အဲဒီလို ရသွားတာသည် တခြားကြောင့် ရတာလား ဒကာ ဒကာမတို့၊ ဥဒ္ဒစ္စ ဖယ်နိုင်လို့ ရတာလား...။ (ဥဒ္ဒစ္စ ဖယ်နိုင်လို့ ရတာပါဘုရား)။

ကိုယ့် ဥဒ္ဒစ္စ ဖယ်နိုင်လို့ ရတာ...။ (မှန်ပါ)၊ ဒါဖြင့် သြော်...ဥဒ္ဒစ္စဆိုတဲ့ တရား၊ ခင်ဗျားတို့ကတော့ ဥဒ္ဒစ္စများလွန်းလို့ ဝိပဿနာ မရှုဖြစ်ဘူး၊ စိတ်က ဟိုပျံ့ဒီပျံ့နဲ့၊ ကျုပ်စိတ်ကို ကျုပ်မနိုင်ဘူး၊ ကျွန်ဖြစ်နေတယ် ပြောတာပေါ့...။ (မှန်ပါ)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဓာတသတ်မင်းသားသည်ကားဆိုလို့ရှိရင် ဥဒ္ဒစ္စက မင်းကျွန်လုပ်မယ်ဆိုလို့လာတာ၊ သံသရာ့ကျွန်ကြီးဖြစ်အောင်လို့ မင်း အရက်တကွဲ အကျိုးနည်း အိုပွဲ၊ သေပွဲတွေ နဲ့ရအောင်လို့ သူ လာတာဆိုပြီးသကာလ မင်းကို နှောင့်ယှက်နေတာ။

## ဥဒ္ဒစ္စကို ဖြစ်ပျက် ရှုပစ်

အဲဒါကြောင့် သူ့ကိုပင်လျှင် ကျွန်အဖြစ်က လွတ်အောင် သူ့ကို ဖြစ်ပျက်ရှုပစ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

ပါဠိတော် ထည့်သွင်းလိုက်တဲ့အခါကျတော့ ဝိက္ခိတ္တစိတ္တံ ဝိက္ခိတ္တစိတ္တန္တိ ပဇာနာတိ။ ဝိက္ခိတ္တစိတ္တံ-ပျံ့လွင့်တဲ့စိတ်ကို၊ ဝိက္ခိတ္တစိတ္တန္တိ- ဝိက္ခိတ္တစိတ် ဖြစ်ပျက် ဟူ၍၊ ပဇာနာတိ-သိအောင် ရှုပါ...။ (မှန်ပါ့)။

ဒီလိုသာ ရှုပစ်လိုက်စမ်းပါ...။ (မှန်ပါ့)၊ ရှုပစ်လိုက်တဲ့အခါကျတော့ သူ ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ အဲ... သူ မရှိတော့မှ ဒကာကြွယ်တို့ ဘယ်ပြန်လှည့်မယ်...။ (မိမိအားထုတ်နေကျ ကမ္မဋ္ဌာန်း လှည့်ပါမယ်ဘုရား)။

သဘောကျပလား...။ (ကျပါတယ်ဘုရား)၊ ဘာပြန်လှည့်ကြမယ်...။ (မိမိအားထုတ်နေကျ ကမ္မဋ္ဌာန်း ပြန်လှည့်ရပါမယ်ဘုရား)၊ မိမိ အားထုတ်နေကျ ကမ္မဋ္ဌာန်းပြန်လှည့်။

မိမိ အားထုတ်နေကျ ကမ္မဋ္ဌာန်း ပြန်ရှုလိုက်တဲ့အခါကျတော့ ဖယ်တန်ထားဖယ်ပြီးမှ ရှုတဲ့အတွက် ခရီးက ပေါက်-မပေါက် စဉ်းစားကြည့်...။ (ပေါက်ပါတယ်ဘုရား)၊ ခရီးပေါက်တယ်ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ် ဘုရား)။

အေး…ဒါကြောင့် အေး…သူ့သာ လက်ခံမိရင် ကျွန် သပေါက်ဘဝတွင်၊ သွင်းမလို့ လာတဲ့ တရား၊ ကျွန်စိတ် ပေါက်နေတဲ့တရား၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

အဲဒီ ကျွန်ဖယ်ပြီးမှ သခင်လုပ်မှ ဖြစ်တော့မယ်…။ (မှန်ပါ့)၊ ကျွန်စာရင်း သွတ်သွင်းတဲ့တရား၊ ဖြစ်ပျက် အရင် ရှုပြီးမှ ဒကာ ဒကာမတို့ ကိုယ့်အလုပ် ကိုယ်လုပ်ဖြစ်ရ တော့တယ်…။ (မှန်ပါ့)။

နို့မို့လို့ရှိရင် သူ့ ခေါ်ရာသာ လိုက်ရလို့ရှိရင် ဟို လျှောက်သွား၊ ဒီလျှောက်သွား လျှောက်ချင်တဲ့ဆီ လျှောက် သွားတဲ့အခါကျလို့ရှိရင်ဖြင့် ကျုပ်တို့ အလုပ်,လုပ်ရသေး ရဲ့လား…။ (မလုပ်ရပါဘူးဘုရား)။

အဲ…ကျွန်ဖယ်ပြီးမှ၊ အင်း…ကျွန်စိတ်ဖယ်ပြီးမှ ကိုယ်ပိုင် အလုပ်,လုပ်နိုင်ပါတယ်ဆိုတဲ့ နည်းလေးလဲ မှတ် လိုက်စမ်းပါ…။ (မှန်ပါ့)။

ကျွန်ဖယ်ပြီးမှ…(ကိုယ်ပိုင်အလုပ်,လုပ်လို့ရပါတယ် ဘုရား)၊ အဲ…ကျွန်မဖယ်တတ်လို့ရှိရင် ကိုယ်ကိုယ်တိုင်က ကျွန်ဖြစ်နေတယ်…။ (မှန်ပါ့ဘုရား)။

ဥဒ္ဒစ္စဆွဲရာ လိုက်နေရတယ်…။ (မှန်ပါ့)၊ ကိုယ်ကိုယ် တိုင် သခင်လုပ်တတ်သေးရဲ့လား…။ (မလုပ်တတ်ပါ ဘုရား)၊ ကဲ…ဒါဖြင့် ဘုရားက နည်းပေးတဲ့အတိုင်း ဆရာ

ဘုန်းကြီးက လိုက်တယ်၊ ဥဒ္ဒစ္စ–ဒကာသစ်တို့၊ ဦးလှဘူးတို့ ဖြစ်ပျက် ရှုပစ်...(မှန်ပါ)၊ သဘောကျပလား...။ (ကျပါ တယ် ဘုရား)။

ထိုကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ ဥဒ္ဒစ္စက–ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သွားပြီးတော့ သူက ရှိသေးရဲ့လား...။ (မရှိတော့ပါဘုရား)။

မရှိတဲ့အခါကျတော့မှ ဘာရှုရပါလိမ့်မတုံး၊ သူလဲ ပြေးသွားပြီ၊ ပြောနေကျအတိုင်း ကိုယ်ကြိုက်တဲ့ ကမ္မဋ္ဌာန်း ပြန်ရှု...၊ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

သူက ကန့်ကွက်နေလျက်နဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတို့က သူ့မဖယ်ရှားဘဲနဲ့ ရှုနေလို့ရှိရင်ဖြင့်တဲ့၊ သူ ဆွဲရာ ပါ,ပါလိမ့်မယ်...။ (မှန်ပါ)၊ ရှုလို့လဲ ရမယ်မဟုတ် ပါဘူး...။ (မှန်ပါ)။

သူက နီဝရဏတရားပဲ၊ ခုနက ဝိပဿနာ ကန့်ကွက်၊ မဂ်ကန့်ကွက်၊ ဖိုလ်ကန့်ကွက်တဲ့ တရားပဲတဲ့၊ ဘယ်မှာ သာလျှင် ဒကာ ဒကာမတို့ အကျိုးဆောင်ဖို့ လာတာလား၊ ကျွန်စာရင်းသွင်းဖို့ လာတာလား...။ (ကျွန်စာရင်းသွင်းဖို့ လာတာပါဘုရား)။

ကျွန်စာရင်းသွင်းမယ်လို့ လာတဲ့တရားကို ခင်ဗျား

ဘို့က လက်ခံထားလို့ရှိရင် ခင်ဗျားတို့ ကျွန်ဖြစ်ချင်လို့၊ ဘုရားအဆူဆူပွင့်၊ တရားပွဲကြီးတွေ၊ အင်း...ဒီအလိုရှိလို့ ပေါက်လိုက်မယ်ဆိုလို့ရှိရင် ဖြဟ္မာပြည်တောင် ရောက်နိုင်ဘယ်။

အဲဒီ တရားပွဲတွေ ကျုပ်တို့ မကြားခဲ့ရ၊ မကြုံခဲ့ရတာ သူ့သတ္တိပေါ့ဗျာ...။ (မှန်ပါ)၊ သူက ကျွန်တွေထဲသွင်းထားတော့ ကျွန်တို့က ကျွန်သပေါက်အလုပ်တွေ လုပ်နေရတယ် ဒကာ ဒကာမတို့၊ ဘုရားအဆူဆူ တရားပွဲတွေနဲ့ ကျုပ်တို့ မကြုံခဲ့ဘူး...။ (မှန်ပါ)။

ဘုရားအဆူဆူတွေကော အရောင်,အဆင်း,အလင်းတွေနဲ့ တန်ခိုးဗျာဋိဟာတွေ ပြတာတွေလဲ ကျုပ်တို့ မမြင်ခဲ့ရဘူး...။ (မှန်ပါ)၊ ဘာကြောင့်တုံး၊ အိမ်ရှင် မဖြစ်ဘူး၊ ကျွန်က ကျွန်၊ အိမ်ခေါင်းထဲမှာ ကျွန်အလုပ်,လုပ်နေရတော့ ဘယ်ပွဲလမ်းသဘင်မျိုးမှ သူနဲ့ မဆက်သွယ်ဘူး...။ (မှန်ပါ)။

ကဲ...ဘုရားပွင့်တဲ့ ပွဲလမ်းသဘင်ထက် ကြီးတာက ရှိသေးလား...။ (မရှိပါဘူးဘုရား)၊ အဲဒီကြီးမားတဲ့ ပွဲလမ်းသဘင်ကြီးတွေနဲ့ ကျုပ်တို့လွဲခဲ့ရတာ၊ ယနေ့ လက်သည် အစစ်ပေါ်ပါပြီ...။ (ပေါ်ပါပြီဘုရား)။

ဘယ်သူပါလိမ့်...။ (ဉဒ္ဒစ္စပါဘုရား)၊ ကဲ...ဒကာသစ် ဘယ်လောက်ဆိုးရွားတဲ့တရား....(ဆိုးရွားပါတယ်ဘုရား)၊ ဒကာ ဒကာမတို့ ဘုရားအဆူဆူနဲ့လွဲ၊ ကျွတ်တမ်းအမျိုးမျိုး

လွဲ၊ ကျတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်အမျိုးမျိုးနဲ့ တို့ မိတ်မှ မဆက်မိ နည်းလေးမှ မရလိုက်၊ ဘာဖြစ်နေလို့တုံး၊ အို...အိမ်ရှင် ကျွန်ဖြစ်နေလို့...။ (မှန်ပါ့)။

ပြင်ဘက်မှာ ဘုရားတွေပွင့်၊ ရဟန္တာတွေဖြစ်ကြတော့ ဥဒ္ဒစ္စ၏ ကျွန်ဖြစ်နေတော့ ဒကာ ဒကာမတို့ ဘယ်မှာ ထွက်ခွင့်ဝင်ခွင့် မရဘဲ ဖြစ်နေတယ်ဆိုတာ ပေါ်ကြပလား...၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဥဒ္ဒစ္စကို ဒကာသစ်တို့၊ ဦးလှဘူးတို့က သေးသေးသိမ်သိမ်တရားလား၊ မဂ်တား ဖိုလ်တား တရား လားဆိုတာ သေသေချာချာစဉ်းစားပါ...။(မဂ်တား ဖိုလ်တား တရားပါ ဘုရား)။

ဘယ်လောက်များ ကြောက်စရာကောင်းသတုံး...၊ (ကြောက်စရာကောင်းပါတယ်ဘုရား)၊ ရှင်းကြပလား...၊ (ရှင်းပါပြီဘုရား)၊ ဒါဖြင့် နည်းလဲ ပေးပြီးပါပြီ၊ ဆရာသမား က အဇာတသက်ဟောလို့၊ တနေ့ကလဲ သိင်္ဂါလ သတို့သား ဟောလို့ ဒကာ ဒကာမတို့ ဘယ်လို ဖယ်ရမယ်ဆိုတာကိုလဲ ဒကာသစ်တို့ နည်းရပါပြီ...။ (ရပါပြီဘုရား)။

ဦးလှဘူးတို့ နည်းရပါပြီ...။(ရပါပြီဘုရား)၊ နောက်က ဒကာ ဒကာမတွေကော...(နည်းရပါပြီဘုရား)၊ ဘာရှု ပစ်ကြမယ်...။ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ သူ့ကို အရင် ရှုပစ်ပါ...။ (မှန်ပါ့)။

## မနိုင်–နိုင်အောင် ဖြစ်ပျက်ရှုပစ်ပါ

ဥဒ္ဒစ္စကို ဘာလုပ်ပစ်ရမယ်...။ (ဖြစ်ပျက်ရှုရပါမယ် ဘုရား)၊ အဲ...ဥဒ္ဒစ္စ ဖြစ်ပျက်ရှုပစ်တော့မှ မနိုင်–နိုင်အောင် ရှု...(မှန်ပါ့)၊ မင်းလဲ အနိစ္စပဲ၊ မင်းလဲ အနိစ္စပဲ၊ မင်းလဲ အနိစ္စပဲ၊ ပျံလွင့်တဲ့ စိတ်ကလေးလဲ အနိစ္စပဲ၊ ပျံ့လွင့်တဲ့ စိတ်ကလေးလဲ အနိစ္စပဲ၊ တစ်ခါတည်းရှုပေး။

အဲဒီလို ရှုပေးလိုက်တဲ့အခါကျတော့၊ သူသည် ရှုပါများလာတဲ့အခါကျတော့ အနိစ္စအဖြစ်နဲ့ ပြီးပြောက်သွားလိမ့်မယ်...။ (မှန်ပါ့)။

အဲဒီ ပြေပျောက်သွားတော့မှ ကျုပ်တို့ ကိုယ့်အလုပ်လုပ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)၊ အင်း...ကျွန်စာရင်း သွတ်သွင်းမယ့်တရားကို ဖယ်ပါဦး...။ (မှန်ပါ့)၊ ဒါ...တော်တော်အရေးကြီးတယ်လို့မှတ်ပါ...။ (မှန်လှပါဘုရား)။

ကိုင်း...ဒကာ ဒကာမတို့ ဘဝသံသရာကြီးမှာ ဘယ်လောက် ရှည်ခဲ့သတုံးလို့ဆို မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင်မှ အစရှာမတွေ့ဘူး...။ (မှန်ပါ့ဘုရား)၊ ဦးလှဘူးရဲ့ အစရှာမတွေ့ဘူး...။ (မှန်ပါ့)။

ဘယ်လောက်ကြာခဲ့တယ်၊ ဒုက္ခပင်လယ်ဝေခဲ့တယ် ဆိုတာကတော့ဖြင့် ပြောဖို့တောင် မလိုတော့ဘူး...။ (မှန်ပါ့)။

ဒါ ဘယ်သူ့ကြောင့်ပါလိမ့်မတုံး၊ ဒို့ဒို့ရှိရင်ပဲ မောဂ္ဂလာ– အဟိရိကာ–အနောတ္တပ္ပ–ဥဒ္ဒစ္စ သူ့အမျိုးအဝင်ဗျ၊ ...(မှန်ပါ)၊ သဘောပါကြပလား ...။ (ပါ့,ပါ ခွဲ့ယ်ဘုရား)။

ဪ် ...ဒါဖြင့် ဒကာ ဒကာမတို့ ဥဒ္ဒစ္စချေမှုန်းတဲ့ နည်း၊ ကျွန်စာရင်းသွတ်သွင်းခံရတဲ့ တရားကို ကျုပ်တို့ မဖယ်တတ်၊ မရှားတတ်၊ မတွန်းလှန်တတ်တဲ့အတွက် ဂုဏ်ဝါဠုမှ သဲစုမကာ ပွင့်တော်မူကြတဲ့ ဘုရားတွေနဲ့ ဂင်္ဂါဝါဠု သဲစုမကာ ပွင့်တော်မူတဲ့ ဘုရားတွေ၏ ဟောပြောတဲ့ တရားတွေ၊ သစ္စာလေးပါးတရားတွေနဲ့ အလွဲကြီး လွဲခဲ့ရတာ ဘယ် သူက ကိန့်ကွက်တာတုံးဆိုတာ ပေါ်ပါပြီ ...။ (ပေါ်ပါတယ် ဘုရား)။

ဘယ်သူပါလိမ့်မတုံး ...။ (ဥဒ္ဒစ္စပါဘုရား)၊ သူ့ဥဒ္ဒစ္စ ပဲတဲ့၊ သေချာပလား ...။ (သေချာပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ့်နှယ်လုပ်ကြမှာတုံး ...။ (ဥဒ္ဒစ္စဖြစ်ပျက် ရှုရမှာပါဘုရား)၊ ဥဒ္ဒစ္စဖြစ်ပျက် ရှုရလိမ့်မယ်နော် ...။ (မှန်ပါ)၊ ပေါ်ကြပလား ...။ (ပေါ်ပါပြီဘုရား)။

ဥဒ္ဒစ္စ နိုင်ပြီဘုရား၊ ဥဒ္ဒစ္စနိုင်ပြီဆိုတော့မှ ဒကာသစ်ရေ မူလ ကမ္မဋ္ဌာန်းဆီ ပြန်ပြောင်း ...။ (မှန်ပါ)၊ ကိုင်း ...တရား ဆက်နာကြ၊ ဒီဥဒ္ဒစ္စကို မနိုင်တော့၊ ဥဒ္ဒစ္စက နိုင်သွားရင် ဘယ်လိုဖြစ်ပါတုံးလို့ ဆိုတဲ့အခါကျတော့ ...

ဥဒ္ဒစ္စဆိုတာက အရှေ့ကမ်း ရောက်သွား၊ အနောက်

ကမ်း ရောက်သွား၊ တောင်ကမ်း ရောက်သွား၊ မြောက်ကမ်း ရောက်သွား၊ ရက်ကန်းဆီ ရောက်သွား၊ အထည်ဆီ ရောက်သွား၊ ငွေတောင်းစရာဆီ ရောက်သွား၊ ငွေပေးစရာဆီ ရောက်သွား၊ သူ သွားချင်သလို သွားပစ်လိုက်တယ်...။ (မှန်ပါ့)။

အဲဒီ သွားတဲ့တရား၊ ဤကဲ့သို့ အငြိမ်မနေဘဲနဲ့ သွားတဲ့ တရား၊ ပြာပုံခဲကျ ဥဒ္ဒစ္စလို့ ဆိုထားတာ၊ သူက မငြိမ်းတဲ့ တရား၊ အဲဒီ မငြိမ်းတဲ့တရားကို ကျုပ်တို့က အင်း...ဒီနေ့ ဖြင့် ကျုပ် စိတ်က မငြိမ်ဘူး၊ ဝိပဿနာမရှုဘူးဆိုလို့ရှိရင် ဖြင့် ကျွန်ဖြစ်တဲ့နေ့လို့ မှတ်လိုက်...။ (မှန်ပါ့)။

ဘယ်လို မှတ်ကြမယ်...။ (ကျွန်ဖြစ်တဲ့နေ့လို့ မှတ်ကြ ပါမယ်ဘုရား)၊ ကျွန်ဖြစ်တဲ့နေ့လို့ ဒကာ ဒကာမတွေ လေးလေးစားစား မှတ်လိုက်ကြစမ်းပါ...။ (မှန်ပါ)။

အဲ...ကျွန်ဖြစ်တဲ့နေ့ဆိုလို့ရှိရင်ဖြင့်၊ ဘယ်သူ့ကျွန်တုံး ဆိုလို့ရှိရင်ဖြင့် ဥဒ္ဒစ္စ၏ကျွန်...(မှန်ပါ့)၊ ဥဒ္ဒစ္စဆွဲရာကို ကျွန်တဲ့ ခန္ဓာကြီးက...(လိုက်နေရပါတယ်ဘုရား)။

လိုက်နေရတော့ အနောက်ခန်း ပြေးသွား၊ အနောက် ခန်း လိုက်၊ ရစရာရှိတဲ့ဆီ ပြေးသွား...(ရစရာရှိတဲ့ဆီ လိုက်ရပါတယ်ဘုရား)။

ပေးစရာရှိတဲ့ဆီ ပြေးရင်...(ပေးစရာရှိတဲ့ဆီ လိုက်ရ ပါတယ်ဘုရား)၊ ဒီရုပ်နာမ်ဟာ ကျွန်မှ ဟုတ်ရဲ့လား...။

(ဟုတ်ပါတယ်ဘုရား)၊ ဒါကြောင့် တချို့ ဒကာ ဒကာမတွေ စိတ်က မငြိမ်ဘူး။

ဒါကြောင့် ဒီတော့ဖြင့် တရားအားမထုတ်သေးဘူး ဆိုလို့ရှိရင် ဘယ်တော့မှ အားထုတ်ဖြစ်မှာ မဟုတ်တော့ ဘူး…။ (မှန်ပါ့)၊ ကျွန်အဖြစ်နဲ့ပဲ ဒကာကြွယ်တို့ လက်စ သတ်ဖို့ပဲ…။ (မှန်ပါ့)။

ဥဒ္ဒစ္စ ကြီးဆွဲတဲ့ အချိန်နဲ့ လက်စသတ်သွားနေရ တယ်…။ (မှန်ပါ့)၊ ထိုကဲ့သို့ လက်စသတ်သွားလို့ရှိရင်ဖြင့် ဘုရားအဆူဆူနဲ့ လွဲခဲ့ရတာ ဥဒ္ဒစ္စ…။ (မှန်ပါ့)။

တရားအမျိုးမျိုးနဲ့ မကြုံခဲ့ရတာ…(ဥဒ္ဒစ္စပါဘုရား)၊ သစ္စာအမျိုးမျိုးနဲ့ မပိုင်းခြားနိုင်ခဲ့တာ…(ဥဒ္ဒစ္စပါဘုရား)၊ ကိုင်း…နောက်တုန်းက လွဲခဲ့ပြန်၊ အလွဲပဲ လိုက်ခဲ့ပြန်ပေါ့ ဆိုနိုင်–မဆိုနိုင်…(ဆိုနိုင်ပါတယ်ဘုရား)။

နောက်တုန်းက ဘုရားအဆူဆူ၊ တရားအမျိုးမျိုး၊ သံဃာအမျိုးမျိုးနဲ့ ကွဲခဲ့လွဲခဲ့ရတာတွေလဲ ဘယ်သူ့သတ္တိ ဆိုတာ ပေါ်ပါပြီ…။ (ပေါ်ပါပြီဘုရား)။

ဘယ်သူပါလိမ့်မတုံး…။ (ဥဒ္ဒစ္စပါဘုရား)၊ အဲ… ယနေ့ပဲ အားထုတ်ပြန်တော့ စိတ်က မငြိမ်ဘူး၊ ဟိုရောက် ဒီရောက်နဲ့၊ မလုပ်သေးဘူးလေဆို သူလွဲမှုပဲ ပါရမီဖြည့် တာ…။(မှန်ပါ့)၊သဘောကျပလား…။(ကျပါပြီဘုရား)၊ဒါဖြင့် လွဲမှုတော့ ပါရမီ မဖြည့်သင့်ပါဘူး ဒကာ ဒကာမတို့…၊

သူ့ အကြောင်းလဲ ယနေ့ ကောင်းကောင်းကြီး ရှင်းပေးပေ့ါပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)၊ အဲဒီတော့ ဘုရားလက်ထက်က တရားနာရင်း မတ်တတ်နဲ့ သောတာပန်,သကဒါဂါမ်,ရဟန္တာဖြစ်ကြတယ်၊ တချို့ ဘာမှ မဖြစ်ဘူး...။ (မှန်ပါ့)။

တချို့ ဘာဖြစ်မလဲလို့မေးတော့ ဥဒ္ဓစ္စ၏ ကျွန်ဖြစ်နေတဲ့အတွက် တရားပွဲထဲနေလဲ သူနဲ့ မဆိုင်ဘူး...။ (မှန်ပါ့)၊ ဘုရားဟောနေကော...(မဆိုင်ပါဘူးဘုရား)၊ ဥဒ္ဓစ္စသွားရာကို ရုပ်နာမ်က လိုက်မနေဘူးလား...။(လိုက်နေပါတယ်ဘုရား)။

အဲ...ဥဒ္ဓစ္စသွားရာကို၊ ဥဒ္ဓစ္စက အိမ်ပြေးသွားရာကို ကျန်တဲ့ စိတ်တွေက အိမ်ရောက်၊ ဥဒ္ဓစ္စက ရောင်းစရာ, ဝယ်စရာရှိတဲ့ဘက် ပြေးသွားပြန်တော့ ကျန်တဲ့ စိတ်တွေကလဲ သူနဲ့ အဖော်ဖြစ်တဲ့ စိတ်တွေက ဟိုဘက် လိုက်သွားတော့ တရားပွဲထဲနေပြားသော်လဲ တရားပွဲထဲနေတာလား၊ သူ့ ကျွန်ဖြစ်နေတာလား...။ (ကျွန်ဖြစ်နေတာပါဘုရား)။

အဲဒီတော့ ဒီတရားပွဲထဲမှာလဲ ဒကာ ဒကာမတွေက ဒီအတိုင်းပဲ မှတ်ပါ...။ (မှန်ပါ့)၊ ဒီဥစ္စာသာ ဝင်လာလို့ရှိရင် ငါ တရားနာနေတာလား၊ ကျွန်ဖြစ်နေတာလား မေးပါဦး...။ (ကျွန်ဖြစ်နေတာပါဘုရား)၊ ကျွန်ဖြစ်နေတာ သေချာပလား...။ (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ နဂိုက ကိုလေသာ ကျွန်ဖြစ်နေတဲ့အထဲမှာ၊ တဏှာကျွန်ဖြစ်ရတဲ့အထဲမှာ၊ ဥဒ္ဒစ္စ ကျွန်က တစ်ခါပြန်ဖြစ်ရဦးဆိုလို့ရှိရင်ဖြင့် ဒီထက်ဆိုးတာ တော့ ရှိစရာ မြင်သေးရဲ့လား...။ (မမြင်ပါဘုရား)။

ကိုင်း...ဒါဖြင့် သံသရာနဲ့ချီ ပြောတော့ ဒကာသြစ် တို့၊ ဦးလှဘူးတို့ ရိပ်မိပါပြီ...။ (မှန်ပါ)၊ ဘုရားအဆူဆူ နဲ့ လွဲခဲ့ရတာလဲ...(ဥဒ္ဒစ္စပါဘုရား)။

ဥဒ္ဒစ္စက ကျုပ်တို့ကို ဘာလုပ်တာတုံး...။ (ကျွန်လုပ် ထားပါတယ်ဘုရား)၊ တရားပွဲတွေ အလွဲကြီးလွဲခဲ့ရတာ... (ဥဒ္ဒစ္စကြောင့်ပါဘုရား)၊ သူက ဘာလုပ်တာတုံး၊ ကျွန်ဖြစ် အောင် လုပ်ထားတော့ အိမ်ပြင်ကို မထွက်သာဘူး...။ (မှန်ပါ)။

အိမ်ရှင်အလို ကြည့်နေရတာပဲ...။ (မှန်ပါ)၊ သဘော ကျပလား...။ (ကျပါပြီဘုရား)၊ အင်း...ဥဒ္ဒစ္စအလိုအတိုင်း ချည်း လိုက်နေရတော့ ဒကာ ဒကာမတို့ဘုရားအဆူဆူ၊ တရားပွဲအမျိုးမျိုး၊ သစ္စာဉာဏ်အမျိုးမျိုးနဲ့ ကွဲခဲ့လွဲခဲ့ရတာ ဒုက္ခထဲမှာသာ နွံခဲ့ရပြီးနေရတာဖြင့် သူ့ထက်ဆိုးတဲ့တရား ရှာမှရှား ဖြစ်ပါလိမ့်မယ်...။ (မှန်ပါ)။

ဘယ်တရားပါလိမ့်...။ (ဥဒ္ဒစ္စပါဘုရား)၊ ပေါ်ကြ ပလား...။ (ပေါ်ပါပြီဘုရား)၊ သြော်...ဒါဖြင့် ဒကာ ဒကာမ တွေ ဆရာဘုန်းကြီးနဲ့တွေ့၊ ခင်ဗျားတို့သည်ကားဆိုလို့ရှိရင်

ဖြင့် ဘယ်နှယ်ကြောင့် ခန္ဓာကြီး ထမ်းပြီးသကာလ၊ ဒီအသုဘ ခန္ဓာကြီး ထမ်းပြီးသကာလ ခုထက်တိုင်တိုင် အသုဘဇာတ် မသိမ်း၊ ဒုက္ခဇာတ်မသိမ်းဘဲနဲ့ နာမှု၊ ကိုက်ခဲမှုတွေ၊ ရာမှု၊ ဖွေမှုတွေ၊ ဒုက္ခတွေနဲ့ အသုဘခန္ဓာကိုယ်ကြီးထမ်းပြီးသကာလ ဟိုရွာက ဒီရွာ၊ ဟိုမြို့က ဒီမြို့သွားပြီးသကာလ၊ လည်ပတ်ပြီး သကာလ နေရပါလိမ့်မလဲလို့ မေးလို့ အဖြေထုတ်လို့ရှိရင်ဖြင့် နောက်တုန်းက ဥဒ္ဒစ္စ မနိုင်ခဲ့လို့သာမှတ်...။ (မှန်ပါ့)။

နောက်တုန်းက ဥဒ္ဒစ္စ...(မနိုင်ခဲ့လို့ မှတ်ရပါမယ်ဘုရား)၊ ယခုလဲ မသေနိုင်သေးဘူးဆိုလို့ ရှိရင်ဖြင့် ဒီခန္ဓာကြီးနဲ့ ခွေးခန္ဓာ ထမ်းပြီး လည်ဦးပေါ့ဗျာ...။ (မှန်ပါ့)။

အင်း...ကြက်ခန္ဓာထမ်းပြီး...(လည်ရပါတယ်ဘုရား)၊ ဘယ်သူ့သတ္တဝါတွေပါလိမ့်...။ (ဥဒ္ဒစ္စသတ္တဝါတွေပါဘုရား)၊ ကြည့်လေ ဒကာ ဒကာမတို့၊ ဘုန်းကြီးက တရားဟောနေ၊ ဟိုက ကြက်တွေက သူတို့ဟာသူတို့ တွန်လို့၊ သူတို့ဟာ သူတို့စားလို့၊ သူတို့ ဥဒ္ဒစ္စနဲ့သူတို့...။ (မှန်ပါ့)။

ဘာဆိုင်သေးတုံးဗျာ...။(မဆိုင်ပါဘူးဘုရား)၊ အင်း... ဒီမှာလဲ ဒကာ ဒကာမတို့ တရားကတော့ ဘုန်းကြီးက အစစ်ပြ ဟောနေတယ်၊ မဂ္ဂသစ္စာ အစစ်ရှုဖို့ရာပဲ ဟောနေတယ်၊ ခင်ဗျားတို့က မမှတ်ဘူးဆိုရင် ကျွန်ဖြစ်နေလို့...။ (မှန်ပါ့)၊ မမှတ်ဘူးဆိုရင်...(ကျွန်ဖြစ်နေလို့ပါဘုရား)။

ဘယ်သူ့ကျွန်ပါလိမ့်...။ (ဥဒ္ဒစ္စကျွန်ပါဘုရား)၊ အိမ်ကျ တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး ဘုန်းကြီးက ဘာများပြော၊ ကျုပ် ဒီနေရာ လစ်သွားတယ်၊ ဘာများ ဦးလှဘူး ပြောပါလိမ့်မတုံး၊ ဘယ်အချက်မှာလို့မေးလို့ရှိရင် ကျွန်ဖြစ်တဲ့အချိန်သာမှတ်...။ (မှန်ပါ့)။

ဘယ်အချိန် မှတ်ကြမတုံး...။ (ကျွန်ဖြစ်တဲ့အချိန်လို့ မှတ်ရမှာပါဘုရား)၊ အင်း...ဒီပွဲထဲမှာတောင် ကျွန်ဖြစ်အောင်၊ သပေါက်ဖြစ်အောင် လုပ်နိုင်သေးတဲ့ စွမ်းရည်သတ္တိပါတယ် ဆိုတော့ ဘုရား, တရားပွဲ ဒီအတိုင်းပေါ့ဗျာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ ဥဒ္ဒစ္စအကြောင်း သိပြီ၊ အင်မတန် ဆိုးရွားတဲ့တရားပဲ၊ ဘုရားအဆူဆူနဲ့ လွဲအောင်လဲ လုပ်တတ်တယ်၊ တရားပွဲ အနွဲ့နွဲ့နဲ့လွဲအောင်၊ သစ္စာဉာဏ်အမျိုးမျိုးနဲ့ မဆက်ဆံအောင် လုပ်တတ်တဲ့တရား ပါလားဆိုတာ ဒကာ ဒကာမတို့ ယခုခန္ဓာကြီးက သက်သေ ခံတယ်...။ (မှန်ပါ့ဘုရား)။

## ဘုရားတွေ တရားတွေနဲ့ လွဲခဲ့တာ ဥဒ္ဒစ္စကြောင့်

ဘက်သူက သက်သေခံ...(ခန္ဓာကြီးက သက်သေခံပါ တယ်ဘုရား)၊ ယခု ခန္ဓာကြီး၊ အသုဘခန္ဓာကြီးနဲ့ ကျုပ်တို့ အတူနေရ၊ ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးနဲ့ အတူနေရတာ ဥဒ္ဒစ္စ

မနိုင်လို့၊ အရင်ဘုရားတွေ၊ တရားတွေနဲ့ လွဲခဲ့လို့ အခု တရားရှာနေရတာ...။ (မှန်ပါ့)။

ဒီတစ်ခါလွဲရင်လဲ သွားပြန်ပြီ...။ (မှန်ပါ့)၊ ဒါကြောင့် ဥဒ္ဒစ္စဆိုတဲ့၊ ပျံ့လွင့်တဲ့စိတ်လာလို့ရှိရင် လာတိုင်း-လာတိုင်း ကျွန်စိတ်ကို ဝိပဿနာရှုပြီးတော့မှ ဘုန်းကြီးတို့ ပေးနေကျ ဖြစ်တဲ့ ကမ္မဋ္ဌာန်း ပြန်ရှု...၊(မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဥဒ္ဒစ္စတော့ ပြီးသွားပြီ ဒကာ ကာမတို့၊ ကုက္ကုစ္စ ကျန်သေးတယ်၊ သူတို့က နှစ်ခုတွဲနေတယ်...။ (မှန်လှပါ)၊ ဥဒ္ဒစ္စလဲ ကျွန်ထဲသွင်းတာပဲ၊ ကုက္ကုစ္စလဲ ကျွန်ထဲသွင်းတာ ပဲ...။ (မှန်ပါ့)။

ကုက္ကုစ္စ ဘယ်လို ကျွန်ထဲသွင်းသတုံးဆိုလို့ရှိရင်ဖြင့် သူက သာဆိုးသေးတယ်၊ ရှေ့သွားရတော့မလိုလို၊ နောက် သွားရတော့မလိုလို...။

## ကုက္ကုစ္စဆိုတာ

သူက ခရီးကို မပေါက်ဘူး...။ (မှန်ပါ့)၊ သူက ပြုအပ်တဲ့ ဒုစရိုက်တွေလဲ မကောင်းတဲ့ ပါဏာတိပါတာ၊ အဒိန္နာဒါနာတွေလဲ ပြန်ပြီး နှလုံးသွင်းချင်သွင်းနေတယ်...။ (မှန်ပါ့)။

အင်း...ရှေ့လဲ ငါ တရားမမွှ ဆရာသမားနား ကပ်ပြီး

အားမထုတ်ရသေးဘူး၊ သူက ဒီလိုလဲ အကောင်းဘက်လဲ လှည့်တွေးချင်သေးတယ်...။ (မှန်ပါ)။

အဆိုးဘက်ကလဲ ငါ မှားခဲ့တာတွေက မနည်းလှဘူး...။ (မှန်ပါ)၊ မှားခဲ့တာတွေက မနည်းလှဘူးဆိုတာလဲ ကုက္ကုစ္စ...။ (မှန်ပါ)၊ ရှေ့ သူတော်ကောင်းအလုပ်, လုပ်စရာကလဲ၊ မလုပ်ရသေးဘူးဆိုတာလဲ...(ကုက္ကုစ္စပါဘုရား)၊ ဒါဖြင့် နောက်ဆုတ်လိုက်၊ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ရှေ့တိုးလိုက်...။ (မှန်ပါ)။

သူ့စိတ်တစ်လုံးတည်းကိုက နှစ်မျိုးပုံစံ...(မှန်ပါ)၊ ပြုပြီးတဲ့ ဒုစရိုက်တွေလဲ ပြန်အောက်မေ့နေတယ်...။ (မှန်ပါ)၊

သုစရိုက်တွေလဲ ပြန်မလုပ်ရသေးဘူးလို့ ဆွေးနေတယ်...။ (မှန်ပါ)၊ ဒုစရိုက်တွေလဲ ပြုပြီးသားမို့ သောကထားတယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါတယ်ဘုရား)။

ဒုစရိုက်တွေ ပြုပြီးသားဆိုတော့...(သောကပါဘုရား)၊ သောကထား၊ ဒါတွေကဖြင့် ငါ စိုးရိမ်စရာတွေပါကလား၊ ဒုစရိုက်ပြုပြီးသားတွေကျတော့ ဘာထားပါလိမ့်...။ (သောကထားပါတယ်ဘုရား)၊ သောက စိုးရိမ်တယ်၊ မပြုလုပ်ရသေးတဲ့ သူတော်ကောင်း အလုပ်တွေအတွက် အခါကျလို့ရှိရင် ဖြင့်တဲ့၊ ဒကာ ဒကာမတို့ ဘယ်လိုဖြစ်နေလဲ၊ အဖန်ဖန်

သူဟာ စက်ဆုပ်အပ်တဲ့ အလုပ်ကို၊ ကတာ–ကတ–ဥစ္စရိတ–သုစရိတ–ပြုပြီးသား ဒုစရိုက်၊ မပြုရသေးတဲ့ သုစရိုက်တွေအတွက်ကို သူက စိတ်တွေက ဟိုရောက် ဒီရောက်...(မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါတယ်ဘုရား)။

ပြုပြီးသား ဒုစရိုက်တွေဆီလဲ...(ရောက်သွားပါတယ် ဘုရား)၊ ရောက်သွားတယ်၊ မပြုရသေးတဲ့ သုစရိုက်တွေဆီ ကော...(ရောက်သွားပါတယ်ဘုရား)၊ အဲဒါ ဘာခေါ်မယ်...။ (ကုက္ကုစ္စပါဘုရား)။

ကုက္ကုစ္စဆိုတာ နှစ်ဘက်နော်...။ (မှန်ပါ့)၊ ပြုအပ်ပြီး သား ဒုစရိုက်ဆီကိုလဲ စိတ်က ရောက်ချင်ရောက်ပစ်လိုက် တယ်...။ (မှန်ပါ့)၊ မပြုလိုက်ရသေးတဲ့၊ မပြုမိသေးတဲ့ သုစရိုက်တွေကိုကော...(ရောက်ပါတယ်ဘုရား)။

ရောက်တာတော့ ဟုတ်ကဲ့လား၊ ဪ...ဒါတွေက မလုပ်ရသေးဘူး၊ ဒါတွေကတော့ လုပ်ပြီးနေပြီ၊ သူ့ဟာက သဘောကျရဲ့လား...။ (ကျပါတယ်ဘုရား)၊ လုပ်ပြီးတာက အကုသိုလ်ဘက် သွားထွေးနေတယ်...။ (မှန်ပါ့)။

မလုပ်ရသေးတာလဲ စိုးရိမ်နေတယ်...။ (မှန်ပါ့)၊ လုပ်ပြီးတာက အကုသိုလ်၊ မလုပ်ရသေးတာကလဲ စိုးရိမ် တာ...။ (မှန်ပါ့)၊ လုပ်ဖြစ်သလားလို့ မေးပြန်တော့... (မလုပ်ဖြစ်သေးပါဘုရား)။

အဲ...လုပ်ဖြစ်တာလား မေးမြန်းတော့ မ လုပ်ဖြစ် ဘူး...။ (မှန်ပါ)၊ ဒါဖြင့် သူ့ဟာက သူ့ဟာသူ ကုဏ္ဍုစ္စ ဖြစ်နေတာ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါတယ် ဘုရား)။

သူ့ဟာသူ ဘာဖြစ်နေ...(ကုက္ကုစ္စဖြစ်နေပါတယ် ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ သူ့ဟာနော် ဒကာ ဒကာမတို့၊ တရားအားထုတ်မယ်ဆိုရင် လာတတ် ပါတယ်...။ (မှန်ပါ)၊ သေခါနီးမှာလဲ...(လာတတ်ပါတယ် ဘုရား)။

ဒီနှစ်ချက်မှာ လာလေ့ရှိတယ်...။ (မှန်ပါ)၊ တရား အားထုတ်မယ်ဆိုရင်...(လာတတ်ပါတယ်ဘုရား)၊ ဪ... ငါကတော့ တရားအားထုတ်မယ်ပဲဆိုမိမှပဲ ၊ ဪ...ဒီမပြု ရသေးတာကလဲ ရှိသေးတယ်၊ အင်း...လုပ်စရာလေးကလဲ ရှေ့ရှိသေးတယ်လို့ သူက ကန့်ကွက်ချလိုက်တာပဲ...။ (မှန်ပါ)။

ဟာ...မင်း မလာနဲ့ဆိုပြီး သူ့ကို အနိစ္စဉာဏ်နဲ့ ဉာဏ် နဲ့ ချေမှုန်းပစ်လိုက်တာပေါ့...။ (မှန်ပါ)၊ ကုက္ကုစ္စကို ဘာ လုပ်ပစ်ရမယ်...။ (ချေမှုန်းပစ်ရပါမယ်ဘုရား)၊ ဉာဏ်နဲ့ ချေမှုန်းပြီးသကာလ ပြုလိုက်။

သူ...မပြုလိုက်ရသေး...သာ သုစရိုက်ကို အောက်မေ့

တယ်၊ အို...ဒါတွေ မလိုပါဘူး...။ (မှန်ပါ့)၊ သူ ပြုအပ်ပြီးသော ဒုစရိုက်တွေလဲ အောက်မေ့တယ်၊ ဒါတွေလဲ မလိုပါဘူး...။ (မှန်ပါ့)။

**တမ္ဗဒါဌိက ခိုးသားကြီး**

ကြည့်ပါတဲ့ ဒကာ ဒကာမတို့၊ ဝတ္ထုတိုလေးနဲ့ ထုတ်ပြမယ်၊ တမ္ဗဒါဌိက ခိုးသားကြီးဆိုတာ ဒကာ ဒကာမတို့ တိုတိုပဲ ပြောမယ်၊ ငါးမိနစ်ကျန်တော့တယ်နော်...။ (မှန်ပါ့)၊

ငါးဆယ့်ငါးနှစ် လူသတ်ယောကျ်ား ရှင်ဘုရင်က အမိန့်ချထားလို့ လူသတ်ဖိုလ်လုပ်နေတယ်...။ (မှန်ပါ့)၊ သေမိန့်ကျတာတွေ သူချည်းသတ်ရတာပဲ...။ (မှန်ပါ့)။

**ရာထူးကျတဲ့နေ့**

နောက် ငါးဆယ့်ငါးနှစ် ရှိလာတော့ လည်ပင်းတစ်ချက်တည်းနဲ့ခုတ်ဖြတ်ပြီး သတ်ရမှာ၊ နှစ်ချက်လောက်ခုတ်မှ ပြတ်တော့ တိုင်ပြည်ဆူတာနဲ့ လူသတ်ရာထူးမှ လူတွေညည်းဆဲပါတယ်ဆိုပြီး တိုင်းပြည်ဆူတာနဲ့ လူသတ်ရာထူးမှ ကျတယ်...။ (မှန်ပါ့)။

လူသတ်ရာထူးက ကျပြီးသကာလ အဲဒီနေ့မှာပဲ ဒီ ...ဝတ်အစားတွေလဲ၊ ရေတွေဘာတွေချိုးပြီး သူ့ခင်ပွန်းမယား

ပြောတယ်၊ ရေမရောတဲ့နို့နဲ့ကွာ၊ ကောင်းကောင်းမွန်မွန်စားရအောင်ဟေ့...၊ ရာထူးလဲကျပြီ၊ ပင်စင်လဲရပြီ ဟေ့...၊ ကောင်းကောင်းမွန်မွန်စားရအောင်ဆိုပြီး သူ ရေချိုးမိုးချိုးပြီးသကာလ၊ အဝတ်တွေ ဆင်မြန်းပြီးသကာလ နေတုန်း ရှင်သာရိပုတ္တရာကြီးကလဲ ဒီနေ့ ဘယ်သူ့ ကယ်ချွတ်ရပါမတုံး။

## ရှင်သာရိပုတ္တရာ၏ ကရုဏာတော်

သြော်...တမ္ဗဒါဌိက ချွတ်ရမယ်၊ ဒီနေ့ ရာထူးကျတဲ့နေ့၊ နွားနို့ထမင်းလဲ စားမယ့်နေ့၊ သွားပြီး ဒကာသစ်၊ ဦးလှဘူး အဲဒီသွားရပ်တယ်...။ (မှန်ပါ့)။

ရပ်တဲ့အခါကျတော့ သူ့စိတ်ထဲမှာ ဆွမ်းလေးဘာလေး နွားနို့ဆွမ်း လောင်းချင်တဲ့စိတ်တွေ ပေါ်လာတယ်...။ (မှန်ပါ့)၊ ပေါ်လာတာ ရှင်သာရိပုတ္တရာကလဲ ချွတ်ရမှာသူတစ်ယောက်တည်းဆိုပြီးသကာလ၊ သနားပါတယ်ဆိုပြီးသကာလ အင်း...ဆွမ်းလောင်းပြီး ကြွမသွားဘူး။

ဒီအထဲမှာပဲ၊ အိမ် ထဲမှာပဲ ဘုဉ်းပေးတယ်၊ အင်း...ဘုဉ်းပေးတဲ့အခါ သူက သူလဲ ဒီအနား နွားနို့ထမင်းက စားလျက်၊ ရှင်သာရိပုတ္တရာကိုလဲ သူက ယပ်ခတ်လျက်၊ ယပ်ခတ်ပြီး ရှင်သာရိပုတ္တရာကလဲ ဘုဉ်းပေးတယ်။

ဒီလိုနဲ့ပဲနေပြီး သူလဲ စားသောက်ပြီး ရှင်သာရိပုတ္တရာက တရားခမ္မ ဟောလိုက်တယ်၊ တရားခမ္မဟောလိုက်တော့ ကုက္ကုစ္စဝင်လာတယ်...။ (မှန်ပါ)။

တရားခမ္မဟောတော့၊ ဩော်...တရားကတော့ မှန်ပါပေတယ်၊ ငါက နှစ်ပေါင်းငါးဆယ့်ငါးနှစ် လူသတ်ယောကျ်ားလုပ်ထားတာ၊ ဒီအချိန်မှာ ဝင်လာတယ်၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဘာဝင်လာပါလိမ့်...။ (ကုက္ကုစ္စ ဝင်လာပါတယ်ဘုရား)၊ ပြုအပ်ပြီးသော ဒုစရိုက်တွေ ဝင်လာတယ်...။ (မှန်ပါ)၊ ငါ ပြုအပ်ပြီးသော ဒုစရိုက်တွေဝင်လာတယ်...။ (မှန်ပါ)။

ရှင်သာရိပုတ္တရာက တရားလေးဟောပြီး နှားလိုက်တယ်၊ ဒကာကြီး ဘယ့်နှယ်တုံး၊ ကျုပ်တရားဟောတာ ဘယ့်နှယ်တုံး...။ (နှားထဲတော့ အရှင်ဘုရားဟောတာ ရောက်ပါတယ်ဘုရား)၊ သို့သော်လဲ...

## တပည့်တော် စိတ်မငြိမ်ဘူးဘုရား

တပည့်တော် စိတ်မငြိမ်ဘူးဘုရား...။ (မှန်ပါ)၊ ငါးနှစ်ငါးဆယ်ငါးနှစ် သတ်ထားတဲ့ လူသင်္ဂါစိတ်တွေက ဒါင်္ဂ

အကုသိုလ်တွေ၊ ငါ အကျိုးပေးမှာတွေပဲဆိုပြီးသကာလ အဲဒီ စိတ်ရောက်နေ၊ ကုက္ကုစ္စ နောက်ကဟာပြန်ရောက်နေတယ်...။ (မှန်ပါ့)၊ အဲဒီနောက်ကဟာ ပြန်ရောက်တဲ့အခါကျတော့ ရှင်သာရိပုတ္တရာကြီးက ပြောလိုက်တယ်။

**ဒကာကြီးသဘောနဲ့ သတ်တာလား**

ဒကာကြီး ဒီစိတ်မရောက်နဲ့၊ ဒကာကြီးသဘောနဲ့ သတ်တာလား၊ ရှင်ဘုရင်ကြီးအမိန့်နဲ့ သတ်ရတာလား၊ ဟာ...ရှင်ဘုရင်၏အမိန့်နဲ့ သတ်ရတာပါ၊ အို...ဒကာကြီး ဒါဖြင့် တရားသာ ဖြောင့်ဖြောင့်နာ၊ ကိုယ့်သဘော မဟုတ်ဘူး...။ (မှန်ပါ့)၊ ဒီလို ဖြားယောင်းပြီးသကာလ ဆက်ဟောရတယ်။

ဆက်ဟောတော့ ဒကာသစ်တို့၊ ဦးလှဘူးတို့ တရားစိတ်ထဲမှာ ဝင်လာတယ်...။ (မှန်ပါ့)၊ အင်း...ဖြစ်ပျက်တွေ ဉာဏ်ထဲမှာ ဝင်လာတယ်...။ (မှန်ပါ့)၊ ဒါတွေ ဖြစ်ပျက်၊ ဒါတွေ ဖြစ်ပျက်နဲ့ ဝင်လာတဲ့အခါကျတော့ ဖြစ်ပျက်မှ တော်ရုံမကဘူးနော်...။ (မှန်ပါ့)။

ဥဒယဗ္ဗယ ဘင်္ဂဘယ အာဒီနဝ နိဗ္ဗိန္ဒ မုစ္စိတုကမျတာ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်ရောက်အောင် တက်သွားတယ်...။ (မှန်ပါ့)၊ တရားနာရင်း, တရားနာရင်း

သွားရှု, လိုက်သွားတာ...။ (မှန်ပါ့)၊ ဟိုဟာတွေဖျောက်ပြီး ရှုလိုက်သွားတာ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ ဘုရား)။

ဥဒ္ဒစ္စ ရှင်သာရိပုတ္တရာက ဒကာကြီး ဖယ်ဖစ်လိုက်၊ ဒီဥစ္စာတွေ ဘာမှ မဟုတ်ဘူးဆိုပြီး ဖယ်ခိုင်းပြီးသကာလ နောက်တရားနဲ့၊ ခန္ဓာဉာဏ်ရောက်တဲ့တရားနဲ့ ရှုခိုင်းလိုက်၊ ရှုခိုင်းတော့ သြော်...သူသည်ကားလို့ဆိုလို့ရှိရင် သခ်ါရုပေက္ခာ ဉာဏ်ရောက်သွားပြီဆိုတာ ရှင်သာရိပုတ္တရာက သိတယ်...။ (မှန်ပါ့)။

သိတော့မှ တရားပွဲရပ်၊ ဒကာကြီး စိတ်တည်ပြီလား၊ တည်ပြီဘုရား၊ နေရာကျသွားပြီဘုရား၊ မင်တော့ မဆိုက်ဘူးနော်...။ (မှန်ပါ့)၊ ဒါနဲ့ ရှင်သာရိပုတ္တရာကလဲ ပြန်ကြွ၊ သူကလဲ ထွက်ပြီး ရှင်သာရိပုတ္တရာကို ခရီးလိုက်ပို့တာပေါ့ဗျာ...။

ရှင်သာရိပုတ္တရာကလဲ ပြန်ကြွသွား၊ ပြန်သွားတဲ့အခါကျတော့ တမ္ဗဒါဠိကဟာ လမ်းမှာ နွားဝှေ့သေတယ်၊ တမ္ဗဒါဠိက ခိုးသားကြီးကလေ နွားဝှေ့သေပြီးသကာလ ဒီနေ့ပဲ ဆွမ်းကျွေး၊ ဒီနေ့ ရာထူးကျ၊ ဒီနေ့ နွားနို့ဆွမ်း ရှင်သာရိပုတ္တရာ ဘုဉ်းပေး၊ ဒီနေ့ပဲ နွားဝှေ့သေတယ်ဆိုတာ သိတင်းကြီး ပြန့်သွား...။ (မှန်ပါ့)။

ပြန်သွားတော့ မြတ်စွာဘုရား သွားလျှောက်တယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးအား တမ္ဗဒါဌိကဟာ ဘုရား၊ တစ်သက်လုံးလဲ ငါးဆယ့်ငါးနှစ်လုံး လူသတ်ယောကျ်ား လုပ်လာ၊ ဒီနေ့ပဲ ရှင်သာရိပုတ္တရာ နွားနို့ဆွမ်းကပ်တယ်။

ဒီမှာပဲ ရှင်သာရိပုတ္တရာ လိုက်ပို့ရင်း မတ်တတ်နဲ့ ဒီနေ့ပဲ နွားဝှေ့သေတယ်ဘုရား၊ နွားဝှေ့တာ နွားက ဘီလူး နွားကိုဗျာ့...။ (မှန်ပါ)။

**တုသိတာ နတ်ပြည်သွားတယ်**

အဲဒါနဲ့ သူ ဘယ်ဂတိလားပါလိမ့်၊ တုသိတာပြည် သွားတယ်ကွ...။ (မှန်ပါ)၊ ဟာ...ငါးဆံယ့်ငါးနှစ်လဲ လူ သတ်ထားတဲ့ ဥစ္စာကြီး တုသိတာနတ်ပြည် သွားရတယ်။

အို...အနုလောမဉာဏ် ရတယ်ကွ၊ သင်္ခါရုပေက္ခာဉာဏ် ရတယ်ကွ၊ ကဲ...ဘယ်လောက်ထူးခြားတုံး...။ (ထူးခြားပါ တယ် ဘုရား)။

**မမှားသောရှေ့နေ မရှိဘူး**

ကုက္ကုစ္စ သတ်ပစ်လိုက်တယ် ရှင်းပလား...။ (ရှင်းပါတယ်ဘုရား)၊ အဲဒီတော့ လူတစ်ဦးတစ်ယောက်မှာ မမှားသောရှေ့နေက ဘယ်သူမှ မရှိဘူး...။ (မှန်ပါ)။

အဖြစ်တွေကတော့ အများကြီးရှိတာပဲ၊ အဲဒါ တစ်ခုမှ မတွေးနဲ့၊ ဒီ ဘုန်းကြီးပြောတဲ့၊ ရှင်သာရိပုတ္တရာဟောတဲ့ ဖြစ်ပျက်ပဲ အရေးကြီးနေတာပဲ...။ (မှန်ပါ့)၊ ဒါတွေ တွေးပြီး ဒီဉာဏ် တက်သွားလို့ရှိရင် ဒကာသစ် ဘာမှ စိုးရိမ်စရာ မလိုဘူး...။ (မှန်ပါ့)။

## လူသတ်ယောက်ျားကြီး

ဒီလောက် ငါးဆယ့်ငါးနှစ် တစ်နေ့ ၅–ယောက်၊ ၁၀ ယောက် ပထမဆုံးသတ်တာဆို၊ ငါးရာမှာ တစ်ယောက် လျော့တာဗျာ့၊ တမ္ဗဒါဌိက သတ်ထားတာ...။ (မှန်ပါ့)။

အဲဒီလောက် ကြီးကျယ်တဲ့ အကုသိုလ်ကြီး အကြီး အကျယ် လုပ်ထားတာတောင်မှ ခုနက ကုဏ္ဍလ္ဘ ဖယ်ပြီး ရှင်သာရိပုတ္တရာက ဖယ်လိုက်၊ ဒီဥစ္စာတွေကို ဒကာကြီး သဘောမပေါက်ဘူး၊ ရှင်ဘုရင် သဘောတွေ၊ ဘေးကသာ ချိတ်ထား...။ (မှန်ပါ့)။

## ဝိပဿနာလုပ်လို့ ခရီးပေါက်သွားတယ်

ကျုပ် ဟောတာသာ နှလုံးသွင်း...။ (မှန်ပါ့)၊ ဝိပဿနာ နှလုံးသွင်းခိုင်းလိုက်တော့၊ သင်္ခါရုပေက္ခာဉာဏ် ရောက်တယ်ဗျာ့...၊ သင်္ခါရုပေက္ခာဉာဏ် ရောက်ပြီးရင် အားလုံး ဒကာ ဒကာမတို့ မဂ်ဉာဏ် ကျန်တော့တယ်...။ (မှန်ပါ့)။

ကဲ…ဘယ်လောက်ထက်သွားတုံး…။ (ထက်သွားပါတယ်ဘုရား)၊ ဒါ ဘာဖယ်ချလိုက်တာတုံးဆိုတာ ရိပ်မိပလား…။ (ရိပ်မိပါပြီဘုရား)၊ ဘာဖယ်ချလိုက်တာတုံး…။ (ကုက္ကုစ္စပါဘုရား)။

အဲ…ခင်ဗျားတို့ သန္တာန်လဲ ငါမိုက်ခဲ့၊ ရူးခဲ့တယ်၊ ပေခဲ့တယ်၊ ဒါ တရားအားထုတ်ခါနီးမှ လာမယ်ဆိုရင် သူ့ ဖြတ်ချလိုက်၊ တစ်နည်းအားဖြင့်လဲ မအောက်မေ့ဘဲ နေလိုက်၊ ကိုယ်လုပ်နေတဲ့ ဝိပဿနာသာ လုပ်လိုက်ပါတဲ့…။ (မှန်ပါ့)၊ တစ်ခါတည်း ခရီးပေါက်သွားပါလိမ့်မယ်၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ကဲ…ဒီနေ့ ဒီတွင် တော်ကြဦးစို့…။

သာဓု…သာဓု…သာဓု…။